ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ တနင်္လာနေ့။ Monday, 27 November 2023 ၁၁၂၉၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

### ယနေ့ ဖတ်စရာ

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား**

စာမျက်နှာ » ၈

**မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်**

ဆောင်းပါး စာမျက်နှာ » ၁၆

### ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် နိုဝင်ဘာ ၂၇ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၉ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

ကြေးမုံ

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာတရားတော်အရ သာမညဖလအခါတော်နေ့ဟုလည်း သတ်မှတ်ထားသည်။ ယဉ်ကျေးမှုအစဉ်အလာအရ ဆီမီးတန်ဆောင်ထွန်းညှိပူဇော်သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပသည့်နေ့ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် ကထိန်သင်္ကန်းကပ်လှူခြင်းတို့အပြင် သာမညဖလအခါတော်နေ့ကိုပါ ယှဉ်တွဲကျင်းပကြသည်။

သာမညဖလအခါတော်နေ့ဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းသည် အဇာတသတ်မင်းကြီး၏ ဘဝဖြစ်စဉ်နှင့်ဆက်စပ်နေသည်။ ရဟန်းပြုရခြင်း အကျိုးကျေးဇူးကို သိလိုသဖြင့် မေးမြန်းလျှောက်ထားလာသော အဇာတသတ်မင်းကြီးကို မြတ်စွာဘုရားရှင်က တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်အခါ၌ ရာဇဂြိုဟ်မြို့အနီးရှိ ဆရာဇီဝက သရက်ဥယျာဉ်တွင် သာမညဖလသုတ်တော်ကို ဟောကြားတော်မူသည်။ သာမညဖလသုတ်တရားတော်ကို နာကြားခွင့်ရသည့်အခါ အဇာတသတ်မင်းကြီးသည် ရတနာသုံးပါးကို ကြည်ညိုသည့် သာသနာပြုမင်းကောင်းမင်းမြတ် ဖြစ်လာသည်ဟု သီလက္ခန္ဓဝဂ္ဂပါဠိတော်၌ ဖော်ပြထားသည်။

ထေရဝါဒဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်အတွက် အရေးပါသော ပထမသင်္ဂါယနာတင်ပွဲကြီးဖြစ်မြောက်အောင်မြင်အောင် ကူညီပံ့ပိုးခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဓာတ်နိပါတ်တော်များ မပျောက်ပျက်အောင် စုစည်းသိမ်းဆည်းထိန်းသိမ်းပေးခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်၏ သမိုင်းမှတ်တမ်း တိကျခိုင်မာစေရေးအတွက် အရေးပါသောသာသနာတော်နှစ်ကို သတ်မှတ်ပေးခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ကို ပယ်ဖျက်၍ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် ကဆုန်လပြည့်နေ့မှစ၍ သာသနာတော်နှစ်ကို စတင်ခဲ့သည်။ အဇာတသတ်မင်းကြီး၏ အမြော်အမြင်ကြီးမားမှုကြောင့် ယနေ့ကာလတွင် သာသနာတော်နှစ်ကို ၂၅၆၇ နှစ်ဟု အတိအကျပြောနိုင်၊ ရေးနိုင်ခဲ့ပေသည်။

အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရခြင်းကိုလည်းကောင်း၊ သံဃာတော်များကို ပူဇော်သည့်နေ့မြတ်အဖြစ်လည်းကောင်းရည်ရွယ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ ကျင်းပခြင်းသည် အဓိကအနှစ်သာရဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့်အတူ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပွဲတော်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့အပြင် မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်း အချင်းချင်း မဲဇလီဖူးသုပ်ဝေငှလှူဒါန်းပွဲစသည်ဖြင့် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဒေသအလိုက်ထုံးစံနှင့်အညီ ပွဲအမျိုးမျိုးကျင်းပကြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိခဲ့သည့် ဘာသာရေးအစဉ်အလာတစ်ခုမှာ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲဖြစ်သည်။ အချို့သူများအနေဖြင့် ရှေးတန်ဆောင်တိုင်ပွဲတော်နှင့် အသွင်သဏ္ဍာန်တို့ကို ဆက်လက်ဆောင်ယူနေဆဲဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်သည် နက္ခတ်ပူဇော်ပွဲမှ အကြောင်းခံလာသည်။ မြတ်ဗုဒ္ဓလက်ထက်ကတည်းက နက္ခတ်ပူဇော်ပွဲတွင် သူခိုးနက္ခတ်ပွဲပါရှိခဲ့သည်။ ဗာလနက္ခတ်ပွဲ၊ သူခိုးလူဆိုးနက္ခတ်ပွဲမှာ ခုနစ်ရက်ကြာသည်။ လူမိုက်အပေါင်းက အရိယာပုဂ္ဂိုလ်၊ ရဟန်းရှင်လူ ကြီးငယ်မရွေး မကြားဝံ့မမြင်ဝံ့ မတော်တရော် နောက်ပြောင်ကြသည်။ လူကောင်းသူကောင်းများ အိမ်ပြင်မထွက်ရဲ။ သံဃာတော်အရှင်သူမြတ်များကို ပြစ်မှားသဖြင့် အရိယူပဝါဒကံ မသင့်စေရန် ဗာလနက္ခတ်ပွဲကာလ၌ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံမကြွတော်မူကြောင်း ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ ဗာလနက္ခတ္တဝတ္ထုတွင် ဖော်ပြထားသည်။

ဤတန်ဆောင်မုန်းလပြည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့မြတ်အခါကာလတွင် ဗုဒ္ဓမြတ်စွာသာသနာတော်ထွန်းကားပြန့်ပွားရေး၊ သာသနာတော်အဓွန့်ရှည်ရေး၊ သူတော်ကောင်းတရားများပြန့်ပွားရေးကို အလေးအမြတ်ပြုခဲ့သည့် အဇာတသတ်မင်းကြီးဖြစ်စဉ်တော်ကို ဆင်ခြင်မှတ်သား၍ အများပြည်သူတို့ ကောင်းမှုကုသိုလ်များတိုးပွားအောင် ကြိုးပမ်းရွက်ဆောင်ခြင်းဖြင့် မကောင်းမှုများပါးလျားကာ ကောင်းကျိုးရလဒ်များ တိုးပွားလာမည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ နက္ခတ်ပူဇော်ပွဲများ၊ ဗာလနက္ခတ်ပွဲများမှာ အစဉ်အလာအားဖြင့် ရှိခဲ့သော်လည်း ဗုဒ္ဓဘာသာဝင်မြန်မာတို့အနေဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်မကိုက်ညီသဖြင့် လက်မခံရှောင်ရှားသင့်ပါသည်။ ကထိန်သင်္ကန်းကပ်လှူခြင်း၊ ဆီမီးထွန်းပူဇော်ခြင်း၊ ကောင်းသောအမှုများပြုလုပ်ခြင်းတို့သည်သာ ကောင်းကျိုးများကို ရရှိစေနိုင်သည့် ရိုးရာအစဉ်အလာဘာသာရေးအမှုများအား တိုးပွားပြုလုပ်သင့်ပါသည်။ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် အေးချမ်းလှပ လပြည့်ည၏ အရသာကို "သာမည" ရဟန်းပြုခြင်း၏ "ဖလ"အကျိုးကျေးဇူးမည်သော သာမညဖလသုတ်တော်ကိုအာရုံပြု၍ အဇာတသတ်မင်းကြီးကဲ့သို့ကြီးလေးသောအပြစ်တို့ကို ကုစားပြီး ရဟန်းပြုခြင်းကဲ့သို့ စစ်မှန်သောငြိမ်းအေးချမ်းသာမှုတို့ကို ဆောင်ကြဉ်းအားထုတ်နိုင်ကြပါစေကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily




## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ နံနက် ၁၂:၀၀ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၁၈:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၀:၀၀ နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည ၂၀:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရရှိသည့် စာရေးဆရာ မောင်ယဉ်လှိုင်း (ပျဉ်းမဖြိုင်)၏ "မြန်မာမှုနယ်မှ ပလ္လင်အလှ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

"မြန်မာမှုနယ်မှ ပလ္လင်အလှ"စာအုပ်တွင် လောကအရေး၊ ဓမ္မအရေးနှစ်ခုစလုံးနှင့် ဆက်ဆံပတ်သက်နေသော မြန်မာမှုအနုပညာစစ်၊ ရိုးရာအမွေအနှစ်အဖြစ် မြန်မာ့ပလ္လင်များအကြောင်းကို စာပေအထောက်အထား၊ ကျမ်းအကိုးအကားများစွာဖြင့် အခန်းစဉ်(၁၂)ခန်းခွဲကာ မှီငြမ်းပြုစုထားပါသည်။ ပလ္လင်များကိုဖော်ပြရာ၌ နတ်မင်းတို့ထိုင်သောပလ္လင်ကို "ဒိဗ္ဗပလ္လင်"၊ နဂါးမင်းတို့ ထိုင်သောပလ္လင်ကို "နာဂပလ္လင်"၊ လူမင်းတို့ ထိုင်သောပလ္လင်ကို "ရာဇပလ္လင်"၊ တရားဟောဓမ္မ ကထိက ထိုင်သောပလ္လင်ကို "ဓမ္မပလ္လင်" စသည်ဖြင့် ပလ္လင်အမျိုးမျိုးကို ဖော်ပြထားပြီး ပလ္လင်တော်ဆိုင်ရာ ဝိဝါဒများ၊ ပလ္လင်နှင့် ကဗျာအဖွဲ့များ၊ ပလ္လင်လှူဒါန်းရခြင်း၏ အကျိုးကျေးဇူး၊ ပလ္လင်နှင့်ပတ်သက်သော ထူးခြားသည့်အဖြစ်အပျက်များ၊ စကားပလ္လင်ခံသည်၊ တရားပလ္လင်ခံသည်ဟူသော ပလ္လင်နှင့်ပတ်သက်သည့် ဝေါဟာရများ စသည်ဖြင့် ဝေဝေဆာဆာဖော်ပြထားပါသည်။ ထို့ပြင် ပလ္လင်နှင့်ပတ်သက်သော ပန်းချီများ၊ ဓာတ်ပုံမှတ်တမ်းများနှင့် ကျမ်းကိုးစာရင်းပါ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြထားသည့်အပြင် မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံး၏မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများ မပျောက်ပျက်စေရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အထောက်အကူပြုနိုင်စွမ်းရှိသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၃၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုကို ကြည့်ရှုအားပေးကြစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးသင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

❂ ရှေ့ဖုံးမှ

ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ အခမ်းအနားကို “ နမော တဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က “ဇယမင်္ဂလာစာတမ်းလွှာ” ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာခေါင်းလောင်းကို တီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြပြီး အခမ်းအနား တက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်တည်း လွှတ်တင်ကြသည်။

**စာမျက်နှာ ၄ သို့** ✭



## ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မသိုးသင်္ကန်းတော်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၏ ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၃၆၀၀ ကို ထွန်းညှိပူဇော်စဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော်ကိုးခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီ အလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညို၍ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၃၆၀၀ ကို အတူတကွ ထွန်းညှိပူဇော်ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓ ဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိပြီး ပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချလျက်ရှိသဖြင့် အများပြည်သူများအနေဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို ကြည့်ရှုအားပေးကြစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)နှင့် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၆**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့ရှိ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)သို့ ရောက်ရှိရာ စက်ရုံခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏ နောက်ခံသမိုင်း၊ စက်ခေါင်းများ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းစဉ်များ၊ နှစ်စဉ်လျာထားချက်နှင့် စွမ်းဆောင်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ကျွမ်းကျင်မှု ပိုမိုမြင့်မားလာရေးနှင့် စွမ်းဆောင်မှု စဉ်ဆက်မပြတ် တိုးတက်စေရေးအတွက် လိုအပ်ချက်များကို မှာကြားပြီး စက်ရုံရှိ စက်မှုသင်တန်းကျောင်း၌ သင်တန်းပို့ချလေ့ကျင့်ပေးမှု နည်းစနစ်၊ သင်တန်းဆိုင်ရာ စာအုပ်စာတမ်းများ၊ သင်ကြားလေ့ကျင့်ရေးတွင် အသုံးပြုနေသည့် စက်ကိရိယာပစ္စည်းများနှင့် သင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံအတွင်း၌ ဝန်ထမ်းများက စက်ခေါင်းများ အကြီးတန်း မွမ်းမံပြင်ဆင်ရေးလုပ်ငန်းစဉ်အတိုင်း အင်ဂျင်ပိုင်းဆိုင်ရာ၊ ကိုယ်ထည်ပိုင်းဆိုင်ရာ၊ လျှပ်စစ်ပိုင်းဆိုင်ရာ၊ ဘီးဘိုဂီဆိုင်ရာ အစိတ်အပိုင်းများအား မွမ်းမံပြင်ဆင်ရေး ဆောင်ရွက်နေသည့် အခြေအနေများနှင့် စက်ခေါင်းအတွက် လိုအပ်သည့် အရန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွာထောင်ရှိ မြန်မာ့မီးရထား၏ (၂၅)ခုတင်ဆံ့ဆေးရုံ၌ ဆေးကုသပေးနေမှု အခြေအနေများကို လည်းကောင်း၊ ရွာထောင်ဘူတာကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာယာဒ်ဝင်း သန့်ရှင်းသပ်ရပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွာထောင်ရှိ မြန်မာ့မီးရထားဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အဘိုးအဘွားများအား အားပေးစကားပြောကြားကာ အလှူငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမရပူရမြို့နယ်ရှိ မြန်မာ့မီးရထား၏ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စက်ရုံ၏ နောက်ခံသမိုင်း၊ လုပ်ငန်းတာဝန်များ၊ လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းပြင်ဆင်မှုနှင့် လူစီးတွဲနှင့် ကုန်တွဲများ အသစ်တပ်ဆင်တည်ဆောက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လူစီးတွဲနှင့် ကုန်တွဲအသစ်များ တပ်ဆင်ထုတ်လုပ်သည့် နည်းစနစ်နှင့် လုပ်ငန်းစဉ်များ၊ တပ်ဆင်ထုတ်လုပ်ထားပြီးဖြစ်သည့် လူစီးတွဲသစ်များ၊ ကွန်တိန်နာတင်ကုန်တွဲများ၊ လေအိတ်ဘိုဂီများ တည်ဆောက်ထားမှုနှင့် အသုံးပြုလျက်ရှိသည့် လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းမွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြစ်ငယ်ရှိ မြန်မာ့မီးရထား၏ ခုတင်(၅၀)ဆံ့ ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော ဝန်ထမ်းမိသားစုလူနာများအား အားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တောင်သူများနှင့်တွေ့ဆုံပြီး စက်ကိရိယာများ အသုံးပြု၍ ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သီးနှံစုံ အကန့်လိုက် စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ယမန်နေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု၌ တောင်သူများနှင့် တွေ့ဆုံပြီး စက်ကိရိယာများ အသုံးပြု၍ ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့်သီးနှံစုံအကန့်လိုက်စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

**သီးနှံမျိုးစုံထွက်ရှိနိုင်**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြေကွက်တစ်ကွက်ထဲတွင် သီးနှံဇီဝမျိုးကွဲစုံလင်စွာ စိုက်ပျိုးနိုင်ခြင်းကြောင့် တစ်ကွက်ထဲမှ သီးနှံမျိုးစုံထွက်ရှိနိုင်ပြီး သီးနှံတွဲဖက်မှုမှန်ကန်ပါက သီးနှံတစ်မျိုးချင်းအထွက်တိုး စေနိုင်ကြောင်း သုတေသနပြု တွေ့ရှိထားပြီး ရာသီဥတုဖောက်ပြန်မှုနှင့် ပိုးမွှားကျရောက်မှုကြောင့် သီးနှံအလုံးစုံ ဆုံးရှုံးမှု အန္တရာယ်မှ ရှောင်လွှဲနိုင်ကြောင်း၊ ထို့ပြင် သီးနှံတစ်မျိုး၏ ဈေးကွက်မတည်ငြိမ်မှုဆိုးကျိုးကို အခြားသီးနှံများ ဈေးကွက်ဖြင့် ထိန်းညှိ လျှော့ချနိုင် ကြောင်း၊ ယင်းစနစ်ကို နိုင်ငံတကာတွင် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်စေရန် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေကြပြီဖြစ်ကြောင်း။

စပါးအခြေခံ သီးနှံပုံစံတွင် စပါးအပြီး ဆီထွက်သီးနှံများ၊ စပါးအပြီး ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းသီးနှံပုံစံများကို လယ်သမားများပါဝင်သော သုတေသနလုပ်ငန်းများ လုပ်ကိုင်ကြစေရန်နှင့် စပါးအပြီး ယာသီးနှံများ စိုက်ပျိုးရာတွင် ဖြည့်စွက်ရေ တစ်ကြိမ်မှ နှစ်ကြိမ် လိုအပ်သလို ပေးသွင်းပါက ထည့်သွင်းပေးခဲ့သည့် သွင်းအားစုများကို အပင်က ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်စားသုံးနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းကို တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ရေသွင်းရာတွင်လည်း မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ရေးပဝေသဏီကပင် ကျင့်သုံးလျက်ရှိသော ပေါင်ကြီးတင် စနစ်များကို စမ်းသပ်ကြည့်ရန် လိုကြောင်း၊ ယင်းစနစ်၏ အားသာချက်မှာ ရေလိုအပ်လျှင် ရေကိုသီးနှံမထိခိုက်အောင် သုံးနိုင်ခြင်း၊ အချိန်အခါမဟုတ် မိုးကြီးလျှင်လည်း ရေထုတ်ရ လွယ်ကူစေခြင်းတို့ဖြစ်သည့်အတွက် မျှော်မှန်းထားသည့် အယ်လ်နီညီဖြစ်စဉ်အတွက် အကောင်းဆုံး ပြင်ဆင်နိုင်မည့်စနစ်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများက ၎င်းတို့၏ အတွေ့အကြုံများကို အခြေခံ၍ သုတေသန ဆက်လက်ဆောင်ရွက်ပေးရန် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တောင်သူများသည် ရေသွင်း၊ ရေထုတ်စနစ် မှန်ကန်စေရန်အတွက် ပေါင်ကျယ်စနစ်ဖြင့် စိုက်ပျိုးနိုင်သော မျိုးစေ့ချကိရိယာ အသုံးပြု၍ စိုက်ပျိုးခြင်းကို လည်းကောင်း၊ သီးနှံအလိုက် သတ်မှတ်ထားသော မျိုးစေ့နှုန်းထား၊ မြေဩဇာနှုန်းထားနှင့် အပင်ပြုစုစောင့်ရှောက်မှုကို ချမှတ်ထားသော သီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးခြင်းကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၏ စိုက်ပျိုးရေးအတတ်ပညာ သင်တန်းများတွင် သင်ကြားမည့် ဘာသာရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက္ခမီမြို့၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုသောအားဖြင့် ဆေးလိပ်ငွေ့ကင်းစင်ရေး ကျန်းမာရေးအသိပညာပေးခြင်းဟောပြောပွဲ ဆောင်ရွက်

**သံဖြူဇရပ် နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့၌ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကိုကြိုဆိုသောအားဖြင့် “လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့” အကြိုလှုပ်ရှားမှုအစီအစဉ်အရ ဆေးလိပ်ငွေ့ကင်းစင်ရေး ကျန်းမာရေးအသိပညာပေးခြင်း ဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက ကျိုက္ခမီမြို့ သီရိဇေယျာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းသန့်ဇင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင်ပါဝင်သော ဓာတုဆေးပစ္စည်းများအကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် ဖြစ်ပွားသော ရောဂါများအကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးနှင့်ပတ်သက်သည့် ဥပဒေများ၊ “ဆေးလိပ်ငွေ့ကင်းစင် သံဖြူဇရပ်မြို့နယ်တစ်ခွင်” ခေါင်းစဉ်ဖြင့် ဆောင်ရွက်နေသော ဆေးလိပ်ငွေ့ကင်းစင်ရေး လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ All- China Youth Federation မှ Mr. Zhou Xiaoping နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ All– China Youth Federation မှ Mr. Zhou Xiaoping ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Navata Hotel ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ–တရုတ်နှစ်နိုင်ငံ မီဒီယာအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအကူအညီပေးရေး၊ ပြည်သူများအကြား သတင်းအမှားများ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးနှင့် သတင်းအမှန်များ လျင်လျင်မြန်မြန်သိရှိနိုင်ရေး၊ ရုပ်မြင်သံကြား၊ ပုံနှိပ်မီဒီယာများအပြင် New Media ကဏ္ဍတွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အစိုးရချင်းသာမက ပြည်သူများအချင်းချင်း ရင်းနှီးကျွမ်းဝင်နားလည်မှုရှိစေရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများတွင်လည်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဧည့်သည်တော် Mr. Zhou Xiaoping နှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ညနေပိုင်းတွင် All–China Youth Federation မှ Mr. Zhou Xiaoping ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်–တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိကြပြီး ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ မဟာဗောဓိဂြိုဟ်ရှစ်ခွင် ဘုရားဆီမီးတစ်ထောင် ပူဇော်ပွဲသို့တက်ရောက်၍ MRTV ပန်းခြံ၌ ကျင်းပသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်တွင် နိဗ္ဗာန်ဈေးပွဲတော် ကံစမ်းမဲဖောက်ပေးခြင်း၊ Channel များအလိုက် ပျော်ရွှင်ဖွယ်ကစားနည်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း၊ တန်ဆောင်တိုင်ရိုးရာ စတုဒိသာ ကျွေးမွေးခြင်းနှင့် MRTV ခေတ်ပေါ်တီးဝိုင်းအဖွဲ့၏ ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၌ အခြေခံပညာမူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ



**မော်လမြိုင် နိုဝင်ဘာ ၂၆**

၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများ (ပြည်နယ်အဆင့်) အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးဆက်သစ်များ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်သစ်ပညာရေး၏ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှု နည်းစနစ်များ ပြင်ဆင်ပြောင်းလဲတိုးတက်လာသည်နှင့်အညီ ကလေးများ၏ ဘာသာရပ်ပိုင်းဆိုင်ရာ လေ့လာသင်ယူမှုအရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောစွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင်လာစေရန် ရည်ရွယ်၍ စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကလေးများ၏ ဗလငါးတန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ ပညာရပ်များဆိုင်ရာ လေ့လာသင်ယူမှု မြင့်မားစေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး ထူးချွန်ထက်မြက်သည့် အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ဖြစ်ကြစေရန်၊ ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းလိုကြောင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများ (ပြည်နယ်အဆင့်) အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမအသင်းများ၏ မိုးစပါးစိုက်ပျိုးရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်



(တောင်ပိုင်း) ရပ်စောက်မြို့ ပင်ဖြစ်ကျေးရွာသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရောင်ခြည်ဦး စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးခဲ့မှု အခြေအနေကို မေးမြန်းဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပင်ဖြစ်ဒေသတွင် မျိုးစေ့ထုတ်မိုးစပါး စိုက်ဧက ၁၁၂ ဧကတွင် ရွှေရင်အေး၊ ရွှေအပ်စပါးမျိုးများ စိုက်ပျိုးခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၁၃၀ ထွက်ရှိမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ယခုကဲ့သို့ အထွက်နှုန်းတိုးရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး အသင်းပိုင်စပါးအခြောက်ခံစက်ကို စွမ်းအားပြည့် အသုံးချနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရပ်စောက်မြို့နယ် သမဝါယမအသင်းစု၏ စွမ်းထက် ကြက်ချေးအခြေခံ သဘာဝမြေသြဇာထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး အရေအတွက် တိုးမြှင့်ထုတ်လုပ်ရေးနှင့် ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားကာ သဘာဝမြေသြဇာ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရပ်စောက်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်စီးပွား မြှင့်တင်ရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း RBF ရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်းဖြင့် နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသော ရွာတော်ကျေးရွာသို့ ရောက်ရှိပြီး ထွန်းတောက်ကြယ် နွားမွေးမြူရေးအစုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့်အတူ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းမြို့နယ်ရှိ United Paper Co.,Ltd. ၏ ထုပ်ပိုးစက္ကူစက်ရုံ၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ နီလာပျော့ဖတ်နှင့် စက္ကူစက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်မှု စက်ယန္တရားနည်းပညာပြပွဲနှင့် တန်ဆောင်တိုင် ဈေးရောင်းပွဲတော်တို့၌ ခင်းကျင်းပြသသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ UMFCCI နှင့် ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ MSME လုပ်ငန်းများ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ စက်မှုထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာစားသောက်ကုန်များ၊ စားသောက်ဆိုင်များ စုစုပေါင်း ၅၃၃ ဆိုင် ဖွင့်လှစ်ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း မြန်မာနိုင်ငံရောဂါထိန်းချုပ်နှိမ်နင်းရေးဗဟိုဌာန တည်ဆောက်နေမှု လယ်ဝေးမြို့ပြည်သူ့ဆေးရုံနှင့် ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီးတို့တွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရောဂါထိန်းချုပ်နှိမ်နင်းရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံ ရောဂါထိန်းချုပ်နှိမ်နင်းရေး ဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်း (Myanmar CDC)သည် ယွမ်သန်း ၄၀၀ ခန့်တန်ဖိုးရှိ နိုင်ငံတကာအဆင့်မီ ရောဂါထိန်းချုပ်နှိမ်နင်းရေး ဗဟိုဌာနတစ်ခုဖြစ်ပြီး Biosafety Level 3 အဆင့်အထိရှိသော ဓာတ်ခွဲခန်းများအပါအဝင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ ရောဂါထိန်းချုပ်နှိမ်နင်းရေး စနစ်များပါရှိသော သုံးထပ်ရောဂါထိန်းချုပ်နှိမ်နင်းရေးအဆောက်အအုံ၊ သင်တန်းသား သင်တန်းသူ ၂၀၀ ခန့် ထားရှိလေ့ကျင့်သင်ကြားပေးနိုင်မည့် သုံးထပ်ကျန်းမာရေးသင်တန်းကျောင်း အဆောက်အအုံနှင့် နှစ်ထပ်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံတို့ပါရှိမည်ဖြစ်ကာ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်၍ လည်ပတ်ဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိ၍ Myanmar CDC တွင် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စေလွှတ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လယ်ဝေးမြို့ ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း သွားရောက်ပြီး အရေးပေါ်လူနာဌာန၊ မျက်စိရောဂါ ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ဓာတ်မှန်ဆောင်၊ အရိုးကုသဆောင်၊ အထွေထွေရောဂါကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားမီးယပ်ကုသဆောင်၊ ကလေးကုသဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်သူများအကျိုးအတွက် ဆေးကုသရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကော့သောင်းမြို့နယ်၌ မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်

**ကော့သောင်း နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ် အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် မီးဘေးလုံခြုံရေး စစ်ဆေး၊ သရုပ်ပြနှင့် ဇာတ်တိုက်လေ့ကျင့်မှုများကို ယနေ့နံနက် ၉ နာရီခွဲတွင် လေဟာပြင်ဈေး၊ ဘုရင့်နောင်ဈေးနှင့် မြို့မဈေးဝင်း အတွင်း ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။



ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက မီးဘေးစိုးရိမ်ရမှု၊ ရေရရှိမှုနှင့် မီးသတ်ပစ္စည်းကိရိယာများ တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ မီးကူးစက်ပြန့်ပွားနိုင်မှု၊ ဝင်ပေါက်/ထွက်ပေါက် သင်္ကေတနှင့် သတိပေးတားမြစ်စာသားများ၊ အရေးကြီးဖုန်းနံပါတ်များ၊ အသံနှင့်အမြင်ဆိုင်ရာစနစ်များ ဆောင်ရွက်ထားမှု၊ ဥပဒေစည်းမျဉ်းများ ယခင်နှစ်ညွှန်ကြားချက်အပေါ် ဆောင်ရွက်ထားခြင်းအခြေအနေ စသည်တို့ကို လိုက်လံစစ်ဆေးခဲ့ပြီး မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ လူနာကယ်တင်ခြင်း၊ မီးသတ်ယာဉ်များနေရာယူငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်သို့ ရေဖြည့်တင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေး၊ သရုပ်ပြနှင့် ဇာတ်တိုက်လေ့ကျင့်မှုများကို ကော့သောင်းမြို့နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးခုနစ်ဈေးတို့တွင် လက်တွေ့လိုက်လံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘယက်ကျေးရွာတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် နွေစပါးစိုက်ပျိုးကြမည့်အသင်းသား ၂၂ ဦး၊ လယ်ဧက ၂၂၀ အတွက် တစ်ဧကလျှင် ငွေကျပ်၂၀၀၀၀၀ နှင့်ညီမျှသော သွင်းအားစုဓာတ်မြေဩဇာများကို မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ပန်းဝါ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်တင့်နှင့်တာဝန်ရှိသူများက ပေးအပ်စဉ်။

ဘော်ဂါသွေး

# ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်း

**ကျိုင်းတုံ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်( အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နောင်ယိန်းကျေးရွာနှင့် ကုန်းမုန်ကျေးရွာတို့၌ ကွင်းဆင်းစစ်ဆေးသည်။

**ရာနှုန်းပြည့်ပြီးစီး**

အဆိုပါကွန်ကရစ်လမ်းနှစ်လမ်းသည် အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၁၈ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၁၈ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်စက်တင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာနှစ်ရွာရှိ အကျိုးပြုအိမ်ခြေ ၁၀၁ အိမ်၊ လူဦးရေ ၆၁၉ ဦးတို့ကို အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်တွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ဒုတိယနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားခဲ့သည်။

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင်မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ မသိုးသွေကြာသင်္ကန်းရက်လုပ်နေသည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လေ့လာနိုင်မည့်နေရာများကို အလွယ်တကူ သွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မသံများ စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

**စည်ကားလျက်ရှိ**

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလအတွင်း ကုသိုလ်ထူးရရှိနိုင်ရေး အစီအစဉ်တစ်ခုအဖြစ် တန်ဆောင်မုန်း လပြည့်နေ့၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးသွေကြာသင်္ကန်း ကပ်လှူပူဇော်သွားမည်ဖြစ်သည့်အတွက် ယနေ့ညနေပိုင်းမှစတင်၍ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ ရက်ကန်းစင်ကိုးစင်ဖြင့် မသိုးသွေကြာသင်္ကန်းကို အားကြိုးမာန်တက် စတင်ရက်လုပ်နေကြရာ အဆိုပါရက်ကန်းရက်လုပ်နေမှု အဆင့်ဆင့်ကို အားပေးလေ့လာကြည့်ရှုကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။




ထို့ပြင် မြတ်စွာဘုရားရှင်အား မီးပုံးပျံများလွှတ်တင်၍ ပူဇော်ခြင်း ကုသိုလ်ထူးကို ရရှိခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိသည့်အတွက် မီးပုံးပျံမလွှတ်တင်မီ အစောပိုင်းကပင် ဘုရားပရိဝုဏ်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး မီးပုံးပျံများလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်ရောက်ရှိသည့်အခါတွင် ဘုရားဝင်းအတွင်း သတ်မှတ် နေရာများအလိုက် မီးပုံးပျံ အသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းတို့ဖြင့်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်း ဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာ ပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

အလားတူ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာ ပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

**စာမျက်နှာ ၉ သို့ ❐**









❒ စာမျက်နှာ ၈ မှ

ထို့အတူပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးရေးစပ်ထားသည့် တေးသီချင်း ကောင်းများဖြင့်လည်းကောင်း၊ သရုပ်ဖော် အကအလှများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြရာ လာရောက်အားပေး နားဆင်ကြည့်ရှုသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



ထို့ပြင် ဘုရားဖူးလာ ပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ဒေသထွက်ကုန်၊စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက် မြန်မာ့ရိုးရာ မုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို နှစ်သက်စွာဖြင့် ဝယ်ယူအားပေးကြသူများကိုလည်း တွေ့မြင်ရသည်။

အလားတူ ဘုရားဖူးလာ ကလေးငယ်များအတွက်လည်း ကလေးကစားကွင်း ထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကိုဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများကျန်းမာရေးကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများဖွင့်လှစ် ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၇ ရက် တန်ဆောင်မုန်း လပြည့်နေ့တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ညဏ်ရသကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။ **သတင်း – မျိုးဆက်သစ်**

**ဓာတ်ပုံ – ထိန်အေး**





# အခုလို တန်ဆောင်တိုင်ပွဲတော်ဆိုတာ အရင်က တောင်ကြီးဘက်သွားမှ တွေ့မြင်ရတာ၊ အခုတော့ နေပြည်တော်တန်ဆောင်တိုင်လို့တောင် ပြောရမလား ဝတ်အသင်းတွေရဲ့ ဝတ်ရွတ်သံ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်တာတွေနဲ့ မီးပုံးပျံလွှတ်တင်ပူဇော်တာတွေကို တွေ့ရတော့ အင်မတန်ကြည်နူးစရာ မြင်ကွင်းလို့လည်း မှတ်ယူမိပါတယ်

ဦးနေလင်း

တွေ့ဆုံမေးမြန်း - အလင်းသစ်
ဓာတ်ပုံ - နေမျိုး

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဒုတိယမြောက်နေ့ဖြစ်သည့် နိုဝင်ဘာ ၂၆ ရက် ညပိုင်းတွင် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ယင်းသို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများအနက်မှ တချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်။


ဦးတင်ဦး


ဦးသန်းကျော်


ဦးလွင်မိုး


ဦးနေလင်း


ဒေါ်စိုးစိုးခိုင်

**ဦးတင်ဦး**
**မြန်အောင်မြို့**

ဒီဘုရားကြီးကို ဖူးချင်တာရယ်၊ သားဖြစ်သူ မင်္ဂလာဆောင်ရယ်နဲ့ တိုက်ဆိုင်သွားလို့ အခုလို ရောက်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စတင်ဖူးမြော်ခွင့် ရချိန်ကတည်းက တစ်ခေါက်လာခဲ့ပြီးပါပြီ။ နေပြည်တော်မှာ အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ကျင်းပပေးတာကိုလည်း အလွန်ပဲဝမ်းသာပါတယ်။ နောက်နှစ်တွေမှာလည်း အခုလို တန်ဆောင်တိုင်ပွဲတော်ကြီးတွေ ကျင်းပပေးစေချင်ပါတယ်။ မနေ့ညကတော့ မရောက်ဖြစ်ပါဘူး။ ဒီည ရောက်လာတဲ့အချိန်မှာ လူတွေအပြည့်အလျှံနဲ့ စည်ကားနေတာတွေ တွေ့ရတော့ အလွန်ပဲဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဒီဘုရားကြီးကို လာရောက်ဖူးရတာ အေးလည်းအေးချမ်းတယ်။

**ဦးသန်းကျော်**
**မီးပုံးပျံအဖွဲ့ခေါင်းဆောင်**

ကျွန်တော့်အနေနဲ့ မီးပုံးပျံ ၁၁ လုံး တာဝန်ယူထားတာ ဖြစ်ပါတယ်။ ဖွင့်ပွဲနေ့က နှစ်လုံးလွှတ်ခဲ့တယ်။ ဒီနေ့ညတော့ လေးလုံးလွှတ်မှာပါ။ မနက်ဖြန်ညပိုင်းကိုတော့ ငါးလုံးအထိလွှတ်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ လွှတ်တင်တဲ့ မီးပုံးပျံတွေကတော့ အားလုံး အောင်မြင်ပါတယ်။ လွှတ်တင်တဲ့အခါမှာ လေကတော့ နည်းနည်းကြမ်းတယ်။ လေကြမ်းတဲ့အတွက် မီးပုံးပျံက အလုတော့ နည်းသွားတာပေါ့။ ကျွန်တော်တို့ စိန်နားပန်က လေကိုတော့ ကြောက်တယ်။ လေငြိမ်ရင်တော့ ပိုကောင်းတာပေါ့။ ကျွန်တော်တို့အဖွဲ့ကတော့ စိန်နားပန်အဖွဲ့ ဖြစ်တာကြောင့် စိန်နားကပ်လေးတွေ ပန်သလို မီးပုံးလေးတွေကို တွဲလောင်းလေးတွေချတဲ့ပုံစံလို့ ပြောရမှာပေါ့။ မီးပုံးပျံရဲ့ အောက်ခြေမှာ မီးပုံးလေးတွေချိတ်တယ်။ ပြီးရင် စာတန်းလေးတွေနဲ့ ရုပ်ပုံလေးတွေဖော်တယ်။ ကျွန်တော်တို့ အခုလုပ်ထားတဲ့ မီးပုံးပျံတွေကတော့ အချိန်အားဖြင့် ၁၂ ပိဿာ၊ ၁၃ ပိဿာခန့်ရှိပါတယ်။ အခုလို တန်ဆောင်တိုင် ပွဲတော်တွေကို ကျင်းပပေးတဲ့အတွက် နေပြည်တော်ပတ်ဝန်းကျင်က ပြည်သူတွေအတွက်လည်း အဆင်ပြေတာပေါ့။ နောက်နှစ်တွေလည်း အခုလိုပဲ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ ဆက်လက်ကျင်းပပေးစေချင်ပါတယ်။

**ဦးလွင်မိုး**
**ရှမ်းအိုးစည်အဖွဲ့ခေါင်းဆောင်**

ကျွန်တော်တို့အဖွဲ့မှာ အဖွဲ့သားအားလုံးခုနစ်ယောက်ပါပါတယ်။ ဓားအကတို့၊ ကျွမ်းထိုးအကတို့လည်း ပါပါတယ်။ အရင်ကတော့ ရေအိုးကိုက်အက ထည့်ထားပါတယ်။ အခုတော့ ရေအိုးကိုက်အကအစား ကျွမ်းထိုးအကကို ထည့်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ ဒီနေ့တစ်ရက်တည်း ကပြဖျော်ဖြေရမှာဖြစ်ပါတယ်။ အခုလို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ပွဲတော်ကြီးမှာ ကျွန်တော်တို့ တတ်ကျွမ်းတဲ့ အနုပညာလေးနဲ့ လာရောက်ဖျော်ဖြေရခြင်းလည်း ဖြစ်ပါတယ်။ နောက်နှစ်တွေ ဆက်လက်ကျင်းပမယ်ဆိုရင်လည်း လာရောက်ဖျော်ဖြေပေးဖို့လည်း မျှော်လင့်ထားပါတယ်။ အားလုံးလည်း ကျန်းမာပျော်ရွှင်စွာနဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ပွဲတော်ကြီးမှာ ပါဝင်ဆင်နွှဲနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးနေလင်း**
**မိတ္ထီလာမြို့**

ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီးကို ပါဝင်ဆင်နွှဲဖို့ မိတ္ထီလာကနေ ဒီမနက် ခြောက်နာရီခွဲလောက်ကတည်းက စထွက်လာခဲ့တာဖြစ်ပါတယ်။ ဘုရားဖူးရင်း တန်ဆောင်တိုင်ပွဲတော်လာရင်းဆိုပြီး ရည်ရွယ်ပြီးလာခဲ့တာဖြစ်ပါတယ်။ အခုလာရောက်တဲ့အချိန်မှာအတော်လေးစည်စည်ကားကားရှိတဲ့ မြင်ကွင်းကို မြင်လိုက်ရတဲ့အချိန်မှာ အလွန်ပဲပီတိဖြစ်ရတယ်။ ဘုရားကြီးကို ဖူးလိုက်ရတဲ့အချိန်မှာ အေးလည်း အေးချမ်းတယ်။ အခုလို တန်ဆောင်တိုင်ပွဲတော်ဆိုတာ အရင်က တောင်ကြီးဘက်သွားမှ တွေ့မြင်ရတာ၊ အခုတော့ နေပြည်တော်တန်ဆောင်တိုင်လို့တောင် ပြောရမလား။ ဝတ်အသင်းတွေရဲ့ ဝတ်ရွတ်သံ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်တာတွေနဲ့ မီးပုံးပျံလွှတ်တင်ပူဇော်တာတွေကို တွေ့ရတော့ အင်မတန်ကြည်နူးစရာမြင်ကွင်းလို့လည်း မှတ်ယူမိပါတယ်။

**ဒေါ်စိုးစိုးခိုင်**
**မသိုးသင်္ကန်းရက်လုပ်ပူဇော်ရေးအဖွဲ့ဝင်**
**မြောက်ဥက္ကလာပမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံကိုယ်စားပြုနဲ့ လာရောက်ရက်လုပ်ပူဇော်ရခြင်းဖြစ်ပါတယ်။ မသိုးသင်္ကန်းကို ၁၄၊ ၁၅ နှစ်ဝန်းကျင်လောက်ကတည်းက ရက်လုပ်ပူဇော်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း အခုလို ရာသီရောက်ရင် ဘုရားတိုင်းမှာ အမြဲတမ်းလိုလို ပါဝင်ရက်လုပ်ပူဇော်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ တောင်ဥက္ကလာပ ဘုရားမှာဆိုရင် ဆုတွေ မကြာမကြာ ရခဲ့ဖူးတယ်။ နှစ်နှစ်ဆက်တိုက် ပထမဆုတောင် ရခဲ့ဖူးတယ်။ ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီးက အခုဟာ ပထမဆုံးအကြိမ်ကျင်းပတာ ဖြစ်တဲ့အတွက် နောက်နှစ်တွေ ကျင်းပဖြစ်မယ်ဆိုရင်လည်း ပါဝင်ရက်လုပ်ပူဇော်မှုတွေ ပြုလုပ်ခွင့်ရပါစေလို့ ဆုတောင်းပါတယ်။ နှစ်စဉ်မပြတ်လည်း ကျင်းပပေးစေချင်ပါတယ်။

## ပဲခူးမြို့ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည့်အပြင် ပွဲတော် လာရောက်လည်ပတ်သူများဖြင့် စည်ကား

ပဲခူး နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပဲခူးမြို့တွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ရာ၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ရာ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားကွင်း၌ ပွဲတော်လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

“တန်ဆောင်တိုင်အခါသမယဖြစ်တဲ့အတွက် အားလုံးက အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် အနားယူချင်ကြတယ်။ အခုလိုမျိုး ကိုယ့်ဒေသမှာတင် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပွဲတော်၊ ဈေးပွဲတော်တွေနဲ့ စည်ကားနေတော့ တခြားနေရာဒေသကို သွားလည်စရာ မလိုတော့ဘူး။ စတုဒိသာလည်း ကျွေးတယ်။ လည်လိုက်၊ စားလိုက်၊ ဘုရားဖူးလိုက်နဲ့ ပျော်စရာ ကောင်းပါတယ်။ ပဲခူးတန်ဆောင်တိုင်က သွားကြလာကြနဲ့ စည်ကားပါတယ်။ အခု ပွဲတော်မှာက ထူးထူးခြားခြား ဒေသထွက်ပစ္စည်းတွေကို ရောင်းချတာတွေ့ရတယ်။ တခြားနေရာ ဒေသက လာလည်တဲ့သူတွေလည်း ပဲခူးဒေသထွက် လက်ဆောင်ကို တစ်နေရာစီ ရှာစရာမလိုဘဲ တစ်ခါတည်း ဝယ်လို့ ရသွားတာပေါ့” ဟု ပဲခူးမြို့မှ ဒေသခံ ဒေါ်သဇင်က ပြောသည်။

ပဲခူးမြို့ တန်ဆောင်တိုင် မီးထွန်းပွဲတော်တွင် စိန်နားပန် ရှစ်လုံး၊ ညမီးကြီး နှစ်လုံး၊ မီးပုံးပျံအသေးအလုံး ၁၅၀၀၊ နေ့အရုပ်မီးပုံးပျံ ၁၅ လုံးတို့ လွှတ်တင်ပူဇော်သွားမည်ဖြစ်ပြီး မီးထွန်းပွဲတော်ကာလအတွင်း ပြည်သူများ အပန်းဖြေပျော်ရွှင်စွာ လည်ပတ်အနားယူနိုင်ရန် မြို့အတွင်းရှိ အဓိကလမ်းများနှင့် အပန်းဖြေဥယျာဉ်များတွင် LED မီးများဖြင့် အလှဆင်ထားရှိရာ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လည်ပတ်အနားယူလျက်ရှိသည်။



တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ခြင်းကိုလည်း ပြုလုပ်ခဲ့ပြီး ပြည်သူအများ ပျော်ရွှင်စွာ အပန်းဖြေနိုင်ရန်အတွက် နိုင်ငံကျော်အနုပညာရှင်များ၏ တေးဂီတများဖြင့် သီဆိုဖျော်ဖြေခြင်းအစီအစဉ်ကိုလည်း ပွဲတော်ရက်များအတွင်း ထည့်သွင်းထားသည်။

ထို့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သိရသည်။

စိုးပိုင်

# တန်ဆောင်မုန်း

မောင်လူမွှေး(မြန်မာမှု)

တန်ဆောင်မုန်းလကို ပုဂံခေတ်ထိုးကျောက်စာများတွင် "တန်ဆောင်မှုန်" ဟု ဝိသဇ္ဇနီ (ဝစ္စပေါက်) မပါဘဲ ရေးထိုးကြ၏။ "တန်ဆောင်မုန်း၊ တန်ဆောင်မှုန်း" အရေးအခေါ်နှစ်ရပ် ကွဲပြားသော်လည်း သဘောတူပင်ဖြစ်လေသည်။ အင်းဝခေတ်လောက်တွင် "တန်ဆောင်မုန်း" ဟု "မှုန်း"တွင် ဟထိုးဖျောက်၍ ရေးလာကြ၏။ ပုဂံခေတ်ကရေးခဲ့သော "ဖုရှား" "နပ်ပင်" ဟု ရေးသော ဝေါဟာရအချို့တွင် "ရှား" "နှံ" တို့၌ ဟထိုးဖျောက်ကာ "ဖုရား" "နပ်ပင်" ဟု ရေးလာကြလေသည်။

တန်ဆောင်တွင် "တန်" ပုဒ်သည် တန်လှပ်၊ တန်လျှပ်၊ သက်တန် ဆိုသည့် သဘောသွား၊ တန်နှင်ကန္ဒေ (တနင်္ဂနွေ)၊ တန်နှင်လာ (တနင်္လာ) ကဲ့သို့သော နေ၊ နေ့ဟောအရောင် အလင်းရောင်ဟော "တန်" ပုဒ်နှင့် အလားတူဖြစ်ကြောင်းကို တရုတ်၊ တိဗက်၊ စီးယင်ချင်း၊ မွန်၊ ပလောင်၊ တင်ခုလ်နာဂ၊ လိုင်နာဂ စသည့် လူမျိုးစုများ၏ ဝေါဟာရများနှင့်ဆက်စပ်၍ **"အလင်းရောင်"** ဟုအဓိပ္ပာယ်ရသည်။

"ဆောင်" ပုဒ်မှာ သယ်ဆောင်၊ ယူဆောင်၊ ထမ်းဆောင်၊ ရွက်ဆောင်၊ လက်ဆောင် စသည်တို့ကဲ့သို့ "သယ်ပိုး ထမ်းရွက်ယူငင်" သည်ဟူသော အဓိပ္ပာယ်ရသည်။

"မှုန်း" ပုဒ်သည် ခြေမှုန်း၊ ဖျက်မှုန်း၊ နှမ်းပဲမှုန်း စသည်ကဲ့သို့ ချေဖျက်ခြင်းသဘော၊ နံ့သာမှုန်း၊ ပန်းချီဆေးမှုန်း စသည်တို့တွင် သုံးသကဲ့သို့ပွားများခြင်းသဘောဆောင်ကြောင်းကို လူမျိုးစုများ၏ဝေါဟာရ အသုံးအနှုန်းများနှင့်လည်းကောင်း၊ ပျို့ကဗျာလင်္ကာများမှ ဝေါဟာရ အသုံးအနှုန်းများကို ကိုးကား၍ လည်းကောင်း "...ထို့ကြောင့် တန်ဆောင်မှုန်းလ၊ တန်ဆောင်မုန်းလ၏အနက် မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသောလ၊ ထွန်းညှိသောလ၊ မီးထွန်းလ" ဟု ဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုထားပေသည်။

ဝေါဟာရ လီနတ္ထဒီပနီကျမ်းပြုလေ့သင်းအတွင်းဝန် ဦးခြိမ့်နှင့် ဆရာကြီး ဦးဖိုးလတ်တို့၏အဆိုမှာ တချို့လ ဝေါဟာရများ သဘောကွဲဆမှုတွင် ကြိုက်ညီသည်ကို တွေ့ရပေသည်။

**ကထိန်။** ။ ဗုဒ္ဓလက်ထက်တော်အခါက ပါဝေယျတိုင်းသားဖြစ်သော ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ကိုအကြောင်းပြု၍ ကထိန်ဖြစ်ပေါ်လာလေသည်။ ဗုဒ္ဓဘုရားရှင် တစ်ဝါရတွင် ဗာရာဏသီပြည်မှ ဥရုဝေလတောသို့ တစ်ပါးတည်း ဒေသစာရီကြွချီခဲ့စဉ်က လမ်းခရီးအကြားရှိ ကပ္ပါသိကမည်သောတောအုပ်၌ အပန်းဖြေနေစဉ် ထိုညီနောင်သုံးကျိပ်နှင့် တွေ့လေသည်။ ထိုအထဲတွင် ၂၉ ယောက်မှာ အတွဲစုံညီ ဒွိယံဒွိယံ ဖြစ်သော်လည်း တစ်ဦးမှာမူ အဖော်မရှိ၍ အပျော်တွဲရန် (ပြည့်တန်ဆာ)ကို ခေါ်ယူခဲ့၏။ ထိုပြည့်တန်ဆာက သူတို့အလစ်တွင် ပစ္စည်းများကို ခိုးယူထွက်ပြေးသွား၏။ ထိုပြည့်တန်ဆာကို ရှာဖွေနေကြစဉ် ဘုရားရှင်နှင့် တွေ့ဆုံခြင်းဖြစ်သည်။ ဘုရားရှင်က အကျိုးအကြောင်းသိရှိရသောအခါ "ကိုယ့်ဘဝကို ကိုယ်မရှာကြဘဲကိုး" ဟု ဩဝါဒခြွေတရားဟောရာမှ တရားရကာ အားလုံး ဧဟိဘိက္ခု ရဟန်းအဖြစ်ခံယူ၍ တိစီဝရိတ် (သင်္ကန်းသုံးထည်သာဆောင်ခြင်း) စသော ဓုတင်တို့ကို ကျင့်ဆောင်နေကြကုန်၏။

ကာလအတန်ကြာသော် ဘဒ္ဒဝဂ္ဂီ ရဟန်းတို့သည် ဘုရားရှင်အားဖူးမြော်ရန် ပါဝါမြို့မှ သာဝတ္ထိပြည်သို့ ကြွလာကြရာ ဝါမဆိုမီမရောက်နိုင်ကြ၍ ကြားဒေသဖြစ်သော သာကေတမြို့၌ ဝါကပ်ကြရ၏။ သာကေတမြို့နှင့် သာဝတ္ထိမြို့ကား ၆ ယူဇနာ (၄၈ မိုင်) ခန့်ကွာဝေး၏။ သီတင်းဝါလကျွတ်သောအခါမှ တစ်ဆင့်သွားကြရ၏။ ရှေးကဟောစာတွင်- "ပဝါရဏာပြုကြပြီး၍ သာဝတ္ထိသို့ ခရီးဆက်ကြကုန်ရာ လမ်းခရီး၌ တိမ်လွှာယှက်ရုံ၊ ပဇ္ဇုန်ဆူလိုက်၊ ခြိမ်းရိုက်ထက်ကြိုး၊ သည်းထန်စွာ ရွာသွန်းသော မိုးကြီးနှင့်တွေ့၊ ရွှံ့ညွန်ရေပွမ်း ခရီးကြမ်း၌၊ သင်္ကန်းစိုရွှဲ၊ ဆင်းရဲလှစွာ၊ ရောက်လာကြရာ ယင်းသို့ ရွှံ့နှစ်ညွှန်စေး၊ ညစ်ကြေးစွဲကပ်သော သင်္ကန်းများဖြင့် လမ်း ပန်းမကောင်း၊ ညွှန်ပြောင်းထူပြော၊ ရွှံ့ရေပေါ၍ ပန်းမောခွေယိုင် အနိုင်နိုင် အားခဲ၍လာခဲ့ကြရာ..." ဟူသော ဗုဒ္ဓဝင်ဟောစာမှာကဲ့သို့ သင်္ကန်းဟောင်းနွမ်းဝတ်ရုံရာ အဆင်မပြေမှုများကို အကြောင်းပြု၍-

(၁) အဓိဋ္ဌာန်တင် သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကိုထား၍ မပင်မပန်း ပေ့ါပါးရွှင်လန်းသွားနိုင်ကြပါစေ။

(၂) သင်္ကန်းရှားပါး နွမ်းပါးခြင်းမှ ကင်းကြပါစေ စသော ရည်ရွယ်ချက်တို့ဖြင့် ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူရာမှ ကထိန်ခင်းခြင်း (ခ) ကထိန်ပွဲတော် ဖြစ်ပေါ်လာလေသည်။ (ဝဇီရဗုဒ္ဓိဋီကာဆရာဖွင့်ဆိုချက်အရ အဇာတသတ်မင်းလက်ထက် ဘုရားရှင် ၃၇ ဝါကျော် ဥရုဝါကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ကထိန်ပွဲတော်ဖြစ်ပေါ်လာကြောင်းလည်းတွေ့ရ)

ကထိန်ဆိုသည်မှာ ကထိနပါဠိဘာသာမှ ပါဠိပျက်အဖြစ်သုံးကာ (ကထိန=ကထိန်) ဟု သုံးခြင်းဖြစ်၏။ မြန်မာလို "ကောင်း၏"၊ "ကောင်းခြင်း" ဟု ချီးကျူးဩဘာထောမနာပြုသော ဝေါဟာရဖြစ်၏။ သင်္ကန်းအဝတ်ကို ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသည့်ကထိန်မှုနှင့်စပ်သမျှအရာများကို ခြုံ၍ခေါ်ဝေါ်သော ဝေါဟာရဖြစ်လေသည်။

ကထိန်သည် ကာလဒါနမျိုးဖြစ်သည့်အပြင် ဝိနည်းကံနှင့်အညီ လှူဒါန်းရသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလတွင်သာ လှူဒါန်းရသောအလှူဖြစ်ပေသည်။

ကထိန်ခင်းထိုက်သော သင်္ကန်း၊ ကထိန်လှူဒါန်းနည်း၊ ကထိန်အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသော ရဟန်းတော်၏ အခွင့်အရေးစသည်ဖြင့် ကျယ်ပြန့်လှပေ၏။ ရှေးခေတ်က ကထိန်ခင်းသောအခါ ကထိန်အမေးအဖြေပြုကြရ၏။ ထိုအမေးအဖြေကို ရေးသားပြုစုသော ဆရာတော်မှာ "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့် သုဉ်းရပြန်လစ်၊ သုညခေတ်တွင်၊ ဖြစ်လာရလေ၊ တို့တတွေသည်၊ သေသော်မှတည့် ဪ...ကောင်း၏"ဟု ရေးခဲ့သော ဆီးပန်းနီ(ဇီးပနီ)ဆရာတော် ဖြစ်ပေသည်။ ကထိန်အမေးအဖြေ အခြားမှုများရှိသော်လည်း ဆရာတော်၏အမေးအဖြေမှာ သာမန်လူများ နားလည်လွယ်၍ အသုံးများပေသည်။

**မသိုးသင်္ကန်း။** ။ ဘုရားရှင်လက်ထက်ကသံဃာတော်များ ကိုယ်တိုင် သင်္ကန်းများကိုချုပ်ဆိုးကြရသည်။ ကထိန်ခင်းရန်အတွက် လှူဒါန်းသောသင်္ကန်းကို ညသိပ်သိမ်းဆည်း မထားဘဲ လှူဒါန်းသည့်နေ့ အရုဏ်မတက်မီအတွင်း သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုကိစ္စများ ပြီးစီးအောင် လုပ်ဆောင်ရသော သင်္ကန်းကို မသိုးသင်္ကန်းဟုခေါ်လေသည်။ ထိုသင်္ကန်းချုပ်ဆိုးမှု နောက်တစ်နေ့အရုဏ်တက်ကျော်သွားပါက (ထမင်းဟင်းစသော အစားအစာများကို အချိန်မီမစားဘဲ အချိန်လွန်သည်အထိ ညသိပ်ထားသဖြင့် သိုးသွားသည့်အခါ ထမင်းသိုး၊ ဟင်းသိုး စသည်ဖြင့် ခေါ်ဆိုသကဲ့သို့)ပြုလုပ်ဆဲ သင်္ကန်းသည် သိုးသွားတော့သည်။ ထို့ကြောင့် မသိုးမီ အချိန်မီပြုလုပ်ရသော သင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်ကြလေသည်။

ပိဋကတ်တော်တွင်လာသော ထိုနည်းနှင်နှင်အကြောင်းအရာမှာ ကာဠုဒါယီအမတ် ဂါထာ ၆၀ လျှောက်ထားချက်အရ ဗုဒ္ဓဘုရားရှင် ကပိလဝတ် ရွှေနန်းတော်သို့ ကြွမြန်းလာသောအခါ မိထွေးတော်ဂေါတမီက သင်္ကန်းကို ကိုယ်တိုင်ချုပ်ဆိုးရက်လုပ်၍ သားတော်ကိုကပ်လှူမည့်အကြံဖြစ်ပြီး ဒုတိယအကြိမ်ကြွရောက်သောအခါ လှူဖြစ်ခဲ့ကြောင်းကို တွေ့ရပေသည်။ (ဥပရိပဏ္ဏာသပါဠိတော်-အဋ္ဌကထာ-ဒက္ခိဏဝိဘင်္ဂသုတ်) သို့သော် ထိုအချိန်တွင် ကထိန်သင်္ကန်းအလှူကို ဗုဒ္ဓဘုရားရှင် ခွင့်ပြုတော်မမူသေးပေ။ ထို့ကြောင့် ကထိန်နှင့်ဆက်နွှယ်နေသော မသိုးသင်္ကန်းသည်လည်း မပေါ်ပေါက်လာသေးပေ။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ထွန်းကားလာသောအခါ သာသနာကို လေးစားကြည်ညိုမြတ်နိုးသည့် ရှေးမြန်မာဘုရင်များသည် မိထွေးတော်ဂေါတမီ သင်္ကန်းစီစဉ်သကဲ့သို့ မသိုးသင်္ကန်း ရက်လှူပွဲကို တီထွင်ဖန်တီးခဲ့ကြဟန်တူပေသည်။ ထို့ကြောင့် မသိုးသင်္ကန်း လှူရာတွင် သံဃာတော်ကို လှူခြင်း မဟုတ်ဘဲ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုသာ လှူခြင်းဖြစ်ပေသည်။ မသိုးသင်္ကန်း ရက်လုပ်မှုနှင့်ဆက်စပ်၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် အကျယ်တဝင့် တွေ့နိုင်ပေသည်။ ထိုအကြောင်းအရာမျိုးကိုပင် နယ်လှည့်ရာဇဝင်တွင် – မသိုးသင်္ကန်းရက်လုပ်စဉ် သူ့ထက်ငါ အပြိုင်အဆိုင်လုပ်ဆောင်ရပုံနှင့် ပျော်ပွဲရွှင်ပွဲကို...

"...ညဥ့်နှစ်ချက်တီး ဗဟိုရ်တော်သံကြားသည်နှင့်တစ်ပြိုင်နက် မျိုးစေ့ကြဲမြောက်၊ ပင်ရောက်ပွင့်သီး၊ လုံးကြီးဝါပေါက်၊ ကောက်ယူမဆိတ်၊ အကြိတ်အဖန်၊ ပြန်လှန်တုံ့ပယ်၊ ရှယ်ခြင်း၊ ရက်ခြင်း၊ ဆိုးခြင်းစုံလင် အစီအရင်တို့ကို မသိုးသင်္ကန်းတော် ကြီးကြပ်ရက်လုပ်သည့် ကတော်မယားတို့ကိုလည်း ပုဝါအုပ်၊ ပိတ်အုပ်၊ သက္ကလတ်ခြုံထည်များ သနားတော်မူ၍ ဦးစွာပြီးသူတို့ ရွှေဖလား သနားတော်မူသည်။ မြင်းစုကြီးဝန်မယားမှာ ချည်ခင်ကို နေအိမ်ကဆောင်ယူလာ၍ ထည့်သွင်းရက်လုပ်ရန် မှတ်ထားသည်ကို တွေ့ရသောကြောင့် ရွှေနန်းတော်ကို လှည့်၍ ဒိုးပတ်နှင့်ကရသည်" ဟု ဖော်ပြထားလေသည်။

"ဒိုးပတ်နှင့်ကရရှာတဲ့ မြင်းစုကြီးဝန်မယားကို လှောင်ရင်း၊ ပြောင်ရင်း၊ အင်မတန်ပျော်ရမယ့်ပွဲဖြစ်ပါတယ်။ အဲဒီပွဲနှင့်တစ်ဆက်တည်း တန်ဆောင်တိုင်မီးပွဲဟာလည်း ပျော်စရာပါပဲ။ မီးပြာသာဒ်တွေ ထွန်းညှိပူဇော်ကြရတယ်..." စသည်ဖြင့် ဆရာကြီး ဒေါက်တာသန်းထွန်းက (နယ်လှည့်ရာဇဝင်-စာ-၃၀၈-၃၀၉) တွင် တန်ဆောင်တိုင်ပွဲ သမိုင်းမှတ်တမ်းကို လေ့လာတင်ပြထားသည်ကို တွေ့ရပေသည်။ ယနေ့တိုင်လည်း မြန်ပြည်တစ်ခွင် တန်ခိုးကြီးဘုရားစေတီအသီးသီးတွင် တိုင်းနှင့်ပြည်နယ်အလျောက် မသိုးသင်္ကန်းကျင်းပပြုလုပ်ကြမြဲ ရှိပေသည်။

**ပံ့သကူ။** ။ တန်ဆောင်မုန်းလ၏ ပွဲတော်ထဲတွင် ပံ့သကူပစ်ပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။ ပွဲတော်ဟုသုံးရသော်လည်း လူစုလူဝေးများနှင့် ထင်ထင်ရှားရှား ပြုလုပ်သော ပွဲမျိုးမဟုတ်ပေ။ လူအများကွယ်ရာတွင်ဖြစ်စေ၊ ညအမှောင်တွင်ဖြစ်စေ၊ သင်္ကန်း စသည့်သံဃာအသုံးအဆောင်ပစ္စည်းများကို တိတ်တဆိတ်စွန့်ပစ်လှူဒါန်းခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာတို့ကျင့်စဉ်ထဲတွင် ဓုတင် ၁၃ ပါးဟုရှိ၏။ ထို၁၃ပါးထဲတွင် ပံ့သကူဓုတင်သည်လည်းပါဝင်၏။ စွန့်ပစ်ပြီးသော **စာမျက်နှာ ၁၂ သို့** ★



ပြင်ဦးလွင်မြို့တွင် (၂၃) ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကျင်းပစဉ်။ ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)

❝ ဘုရားရှင်လက်ထက်က သံဃာတော်များကိုယ်တိုင် သင်္ကန်းများကို ချုပ်ဆိုးကြရသည်။ ကထိန်ခင်းရန်အတွက် လှူဒါန်းသောသင်္ကန်းကို ညသိပ်သိမ်းဆည်းမထားဘဲ လှူဒါန်းသည့်နေ့ အရုဏ်မတက်မီအတွင်း သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုကိစ္စများ ပြီးစီးအောင်လုပ်ဆောင်ရသောသင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်လေသည်။ ❞

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် သမိုင်းဝင်ဆုတောင်းပြည့် ကျိုက္ကစံဆံတော်ရှင်စေတီတော်တို့၌ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

တန်ဆောင်မုန်းလပြည့်အခါသမယ နေ့ထူးနေ့မြတ်တွင် သမိုင်းဝင်တန်ခိုးကြီးစေတီတော်တို့ရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်းတော်များကပ်လှူပူဇော်နိုင်ရန် ရန်ကုန်မြို့ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် သမိုင်းဝင်ဆုတောင်းပြည့် ကျိုက္ကစံဆံတော်ရှင်စေတီတော်တို့၌ ယနေ့ညပိုင်းမှစတင်၍ မသိုးရွှေကြာသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ကြသည်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (၂၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ အခမ်းအနားကို ရတနာရွှေကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယှဉ်ပြိုင်ရက်လုပ်ကြမည့် ရက်ကန်းစင်တော်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ခုနစ်စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ် လေးသိန်းတို့အပြင် ဆုဖလားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၃၉)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယှဉ်ပြိုင်ရက်လုပ်ကြမည့် ရက်ကန်းစင်တော်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆု ငွေကျပ် ရှစ်သိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ် လေးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## ကြည့်ရှုအားပေး

အလားတူ သမိုင်းဝင် ဆုတောင်းပြည့်ကျိုက္ကစံဆံတော်ရှင် စေတီတော်၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (၄၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါစေတီတော် ရင်ပြင်တော်၌ ကျင်းပရာ သင်္ဃန်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ငါးစင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ကိုးသိန်း၊ တတိယဆုငွေကျပ် ရှစ်သိန်း၊ စတုတ္ထဆု ငွေကျပ် ခုနစ်သိန်းနှင့် ပဉ္စမဆု ငွေကျပ် ခြောက်သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ စေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်နှင့် စေတီတော်ပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဆက်ကပ်လှူဒါန်းသွားကြမည် ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(MNA)**

**ဓာတ်ပုံ- ရဲထွဋ်**

★ **စာမျက်နှာ ၁၁ မှ**

အဝတ်အထည်ကို မြေမှယူ၍ ချုပ်ဆိုးဝတ်ရုံသော သင်္ကန်းကို (ပံသု= မြေမှုန့်၊ ကု=စက်ဆုပ်ရွံ့ရှာဖွယ် အဖြစ်သို့ ဥလ=ရောက်သောအဝတ်ပိုင်း) ပံ့သကူ ဟုခေါ်လေသည်။ ဗုဒ္ဓဝင်ဆိုင်ရာတွင် ပံ့သကူနှင့်ဆက်စပ်၍ ဘုရားရှင် အရှင်အနုရုဒ္ဓါ သီဟိုဠ်ကျွန်း ပံ့သကူပစ်ပွဲ စသည်ဖြင့် အခန်းကဏ္ဍအနေဖြင့် အကြောင်းအားလျော်စွာ တွေ့ရပေသည်။ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်မစံဝင်မီ ရှင်မဟာကဿပ တပည့်ကြီး (မဟာသာဝက) အား မိမိ၏ထူးခြားသော ပံ့သကူ နှစ်ထပ်သင်္ကန်းကြီးကို ချီးမြှောက်ပေးအပ်တော်မူသော အခန်းကို သီတဂူဆရာတော်ကြီးက ဒဿနဆန်ဆန် ဟောကြားသွားရာ အလွန်မှတ်သားနာယူဖွယ်ရာ ဖြစ်ရပါ၏။

မြန်မာနိုင်ငံတွင် ပုဂံခေတ်သက္ကရာဇ်- ၅၆၃ ခု ထိုး သင်ကြီးညောင်အုပ် ကျောက်စာတွင် - "ပုရှာလေပြီအေ်။ ပုထိုပ်လေပြီအေ်။ က(မ်ိ)န် ပင်္သကူလေပြီအေ်" - (ဘုရားလဲတည်၏၊ ပုထိုး (စေတီ)လည်းတည်၏၊ ကထိန်ခင်း၍ ပံ့သကူလည်းလှူ၏။) ဟူသော ကျောက်စာအရ ပံ့သကူပစ်ကုသိုလ်ပြုသည့် အလှူဖြစ်ကြောင်းသိရပါ၏။ ပုဂံခေတ် နရသူမင်းနှင့် ပံ့သကူမထေရ် ဖြစ်ရပ်သည် မြန်မာ့သမိုင်းစဉ်တွင် ထင်ရှားပါ၏။ ထို့အတူ နရပတေ့စည်သူမင်းလက်ထက်တွင် ပံ့သကူဆောင်ငစွယ်ရှင် ဆရာတော်မှာ ထင်ရှားလှပေသည်။

ဤသို့နှင့် ပံ့သကူဝေါဟာရသည် ခေတ်အဆက်ဆက် တည်ရှိလာရာ နောင်သော် ပံ့သကူသင်္ကန်းအဝတ်သာမက အသုံးဆောင်ပစ္စည်းများပါ ပံ့သကူပစ် လှူဒါန်းလာကြလေသည်။ ဥပမာ - သပိတ်ဆိုပါကလည်း ဆွမ်းပါထည့်၍ ပံ့သကူပစ်လှူလာကြတော့သည်။

ယခုအခါ ဘုန်းကြီးကျောင်းကန် ဘုရားတန်ဆောင်းနေရာများရှိ ရဟန်းသံဃာတော်များအတွက်သာမက လူများအတွက်ပါ မြို့ရွာဒေသလမ်းမ လမ်းသွယ်တို့တွင် တန်ဆောင်မုန်းလပြည့်ည၌ ပံ့သကူပစ်လှူဒါန်း စွန့်ကြဲမှုများရှိလာရသည်ကို တွေ့ရပေသည်။ "စိတ်ကကြည်စွာ၊ စေတနာဖြင့်၊ သဒ္ဓါဝမ်းတွင်း၊ ပေးလှူခြင်းကား၊ ရခြင်းထက်သာ၊ လွန်ချမ်းသာ၏" ဆိုသည့်အတိုင်း တန်ဆောင်မုန်းလပြည့်နေ့ည စိတ်ချမ်းမြေ့ကြည်နူးစေသော ကောင်းသောလုပ်ဆောင်မှု ဖြစ်ကြပါ၏။

**မီးထွန်းပွဲ။** ။ တန်ဆောင်မုန်းလ မီးထွန်း ပွဲတော်သည် ဗုဒ္ဓမပေါ်ထွန်းမီကပင် မဇ္ဈိမဒေသတွင် ထွန်းကားနေပြီဖြစ်ကြောင်းကို ဇာတ်တော်များတွင် တွေ့ရပေသည်။ ရှေးယခင်က သီတင်းကျွတ်လ မီးထွန်းပွဲထက် တန်ဆောင်တိုင်မီးထွန်းပွဲက ပို၍စည်ကား သိုက်မြိုက်မှုရှိနေကြောင်းကို မောင်းထောင်ဆရာတော်၏ အမေးတော်ဖြေကျမ်း (သီတင်းကျွတ်လတွင် ဖော်ပြခဲ့ပြီး)အရ သိရပေသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်၍ ပြည့်ဝ၏။ ကြတ္တိကာ နက္ခတ်သဘောမှာ ပေါက်ကွဲစေတတ်သော၊ အလင်းရောင်ကွန့်မြူးသော၊ ပျော်ရွှင်မှုအားလုံး၊ ဆေးဘက်ဆိုင်ရာ စသည်များကို ညွှန်းဆိုပါ၏။ ထို့ကြောင့် နက္ခတ်ပွဲသဘင်ဆင်ယင်ကျင်းပကြ၏။ ဆေးပေါင်းခသည်ဟု မဲဇလီဖူးသုပ်စားကြ၏။

ထိုနက္ခတ်မှာ မိဿရာသီအဆုံးနှင့် ပြိဿရာသီ အစတွင်တည်ရှိ၏။ တာရာကြီး ကိုးလုံးအနက် ကျီးတာရာအပိုင်းအဝန်းတွင်တည်ရှိ၏။ မုံရွေးဆရာတော်၏ အာကာသသျှတ္တရကျမ်းတွင် "ကြတ္တိကာကား၊ ခုနစ်ဖြာမှတ်သား၊ လုံးရေပြား၏၊ ကြက်သားစုမျှ၊ ဧဒဝတီ၊ ပြည်အမီတည့်" ဟုဆို၏။ အရပ်သားအများသိကာမူ "ဖျောက်ဆိပ်ကြယ်စု" ဟုခေါ်ကြ သိကြ၏။ အနောက်တိုင်း နက္ခတ်ရှင်များကမူ "The Pleiades" ဟုခေါ်၏။

ထိုကြတ္တိကာ နက္ခတ်ကို "ဒဟနိ" မီးနတ်က စောင့်သည်ဟု ရာဇမတ္တဏ်ကျမ်းကဆို၏။

ဆန်းအလင်္ကာကျမ်းတွင်လည်း (ရာ=ရဂိုဏ်း၊ မီး=မီးနတ်သား၊ ကြတ်=ကြတ္တိကာနက္ခတ်) ဤသဘောပင်ပြ၏။

ထိုမီးနတ်သားသည် တန်ဆောင်မုန်းလတွင် လူ့ပြည်သို့ နှစ်စဉ် တစ်ကြိမ်ဆင်းမြဲဟုဆိုသည်။ ဤသည်ကို အကြောင်းပြု၍ မီးပူဇော်ပွဲလုပ်ကြသည်ဟုဆိုပေသည်။ ဤအယူအဆသည် ဤမျှသာခံယူပါက ဒဏ္ဍာရီသာဖြစ်ပေမည်။ ထိုဒဏ္ဍာရီတွင် လုပ်ဆောင်မှုသဘောများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ အများအပြားပင်ရှိပေသည်။

ကမ္ဘာကျော် ဟိတောပဒေသကျမ်းကြီးကိုအခြေခံ၍ အသောကအင်ပါယာကြီး ဖြစ်ပေါ်ခဲ့သည့် သမိုင်းရှိခဲ့ပြီ။ ဟိတောပဒေသသည် တိရစ္ဆာန်များ စကားပြောသော ဒဏ္ဍာရီပုံပြင်များဖြစ်၏။ ဤတွင်လည်း ကြတ္တိကာနက္ခတ် မီးနတ်သားမှာ ဒဏ္ဍာရီပုံပြင်ဖြင့် (Symbol) သဘောထားများကို ပေးထားသော အကြောင်းအရာများဖြစ်သည်ကို သတိမူရာ၏။

ကြတ္တိကာနက္ခတ်ကို အကြောင်းပြု၍ (အချက်အလက်ပါဝင်ခြင်း) ဖျောက်ဆိပ်ပေါ်၊ ဖျောက်ဆိပ်မွန်းတဲ့၊ ဖျောက်ဆိပ်မြေလူး စသည့်သင်္ကြန်တွက်ရိုးများ ဖြစ်ပေါ်လာပေ၏။ ထိုကို အကြောင်းပြု၍ တောင်သူလယ်သမားတို့၏စိုက်ပျိုးရေးဆိုင်ရာ၊ မိုးလေဝသဆိုင်ရာများ သိကြရ၏။ ရာသီမသိပန်းနှင့် ညှိကြ၏။

ဖော်ပြပါ မီးနတ်မင်းသည် လူ့ပြည်ကြွလာသောအခါ သူ့မိတ်ဆွေကြီးဖြစ်သော မဲဇလီပင်စောင့်နတ်မင်းထံမှာ တည်းခိုလေ့ရှိ၏။ ထိုအခါ လူ့ပြည်မှာရှိသည့် နတ်အပေါင်းသည် မဲဇလီပင်သို့လာရောက်၍ နှုတ်ခွန်းဆက်သလာကြ၏။

ယင်းသို့ မီးနတ်ကြီးနှင့် တန်ခိုးကြီးနတ်များဟိတ်ကြောင့် မဲဇလီပင်၏ အကိုင်းအခက် အညွန့်အဖူးတို့သည် ထူးကဲသည့်တန်ခိုးသတ္တိနှင့်ပြည့်စုံသည်ဟု ယူဆကြသည်။ ဆေးပေါင်းခသည့်အပင် ၉၆-ပါး ဝေဒနာပပျောက်သည်ဟု ယူဆကြသည်။ ဤသည်မှာလည်း မဲဇလီပင်၏ဆေးအာနိသင်ကို သာရကောမုတီ၊ ဓာတ္တန္တရီ၊ ဩသဓ ရတနာကရ စသော ဆေးကျမ်းများတွင် ပြဆို၏။ ဤသဘောကို ပုံပြင်အနေနှင့် ရှေးပညာရှင်များက ဖော်ပြခဲ့ကြ၏။ ဤသို့ ရှေးမြန်မာမှုဆိုင်ရာများကို ဒဿနအတွေးဖြင့် ဆင်ခြင်ယူဆ၍ နားလည်ရာ၏။

ထို့အတူပင် ကျီးမနိုးပွဲသည်လည်း ကြတ္တိကာနက္ခတ်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ပျော်ပွဲရွှင်ပွဲမျိုးဖြစ်သည်။ ကြတ္တိကာနက္ခတ်သည် ပျော်ရွှင်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ဆူပွက်လှုပ်ရှားလွယ်ခြင်း အကြောင်းခြင်းရာများလည်း ဆက်စပ်ပေသည်။ များသောအားဖြင့် လပြည့်နေ့များသည် "Super Moon" အကြောင်းခြင်းရာများကို ဖြစ်စေသည်။

မဟော်သဓာဇာတ်တော်တွင် လပြည့်ည အကြောင်းခြင်းရာကို စိတ်ရောဂါနှင့် ဖော်ပြသော အခန်းကဏ္ဍတစ်ခုရှိသည်။ အနောက်တိုင်းဆေးပညာတွင်လည်း "Luna=လကို အခြေခံသော" စိတ်ရောဂါတစ်မျိုးရှိသည်ဟု သိရသည်။ လပြည့်၊ လကွယ် ဥပုသ်စောင့်ခြင်း စသည်များသည် ထိုလနှင့်ဆက်စပ်သော စိတ်အစဉ်ကို ထိန်းချုပ်သည့် ဘာသာရေးကျင့်စဉ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုနက္ခတ်နှင့်ဆက်စပ်သော အကြောင်းအရာများကို ရှေးမြန်မာကြီးများသည် သိခဲ့ကြသည်။ ထိုသည်ကို အကြောင်းပြု၍ စိတ်ထွက်ပေါက်အနေဖြင့် ကျီးမနိုးပွဲကို ပြုလုပ်ကြသည်ဟု ဝေဒရှုထောင့်မှ သုံးသပ်ကြသည်ကို တွေ့ဖူးသည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများတွင် ကောင်းသောသဘောကိုဆောင်သော၊ ယဉ်ကျေးမှုကို အထောက်အကူပြုသော၊ အများပြည်သူကို အကျိုးပြုသော အကြောင်းခြင်းရာ မြန်မာမှုများကို သယ်ဆောင်သွားကြပါစို့ဟု နိဂုံးချုပ်အပ်ပါသတည်း။ ။

# ဟားမတ်စ်အဖွဲ့ ထိန်းသိမ်းထားသည့် ဓားစာခံများ ဒုတိယအသုတ် လွှတ်ပေး

**ဂျေရုဆလင် နိုဝင်ဘာ ၂၆**

ဟားမတ်စ်အဖွဲ့က ၎င်းတို့ထိန်းသိမ်းထားသည့် ဓားစာခံများကို နိုဝင်ဘာ ၂၆ ရက်တွင် ဒုတိယအသုတ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ယခုလွှတ်ပေးသည့် ဓားစာခံများမှာ အစ္စရေး နိုင်ငံသား ၁၃ ဦးနှင့် ထိုင်းနိုင်ငံသား လေးဦးတို့ ဖြစ်သည်။

လက်ရှိအချိန်တွင် ဓားစာခံများ လွှတ်ပေးရေး ဆိုင်ရာအခက်အခဲကို ကျော်လွှားနိုင်ခဲ့ပြီး ၎င်းအရေး ညှိနှိုင်းမှုတွင် အီဂျစ်နိုင်ငံက ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူက မှတ်ချက်ပြုပြောကြားသည်။

ရရှိထားသည့် လေးရက်ကြာ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့က ၎င်းတို့ထိန်းသိမ်းထားသည့် ဓားစာခံ ၅၀ ကို လွှတ်ပေးရမည်ဖြစ်သည်။

ပထမအကြိမ် ဓားစာခံလွှတ်ပေးမှုတွင် ဓားစာခံ ၂၄ ဦး လွှတ်မြောက်ခဲ့ပြီး ၎င်းတို့တွင် အစ္စရေးနိုင်ငံသား ၁၃ ဦး ပါဝင်ခဲ့သည်။ ၎င်းဓားစာခံများလွှတ်မြောက် လာခဲ့ပြီးနောက် အစ္စရေးနိုင်ငံကလည်း ကလေးငယ် များနှင့် အမျိုးသမီးများအပါအဝင် ပါလက်စတိုင်း အကျဉ်းသား ၃၉ ဦးကို ပြန်လွှတ်ပေးခဲ့သည်။

ယခု ဒုတိယအကြိမ် အကျဉ်းသားလဲလှယ်မှုတွင် အစ္စရေး အကျဉ်းထောင်များမှ ပါလက်စတိုင်း ကလေးငယ် ၃၃ ဦးနှင့် အမျိုးသမီးခြောက်ဦးအား လွှတ်ပေးမည်ဖြစ်ကြောင်း ကာတာနိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသနယ်စပ်တွင် ကယ်ဆယ် ရေးပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကား ၁၃၇ စီး ရောက်ရှိနေကြောင်းနှင့် ၎င်းယာဉ်များသည် အောက်တိုဘာ ၇ ရက်မှစ၍ ဂါဇာဒေသသို့ ဝင်ရောက် မည့် အကြီးမားဆုံး လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာဉ်တန်းဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ ကြေညာချက်ထုတ်ပြန် ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




# ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်များ တိုးတက်လာစေရေး အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေပေးအပ်

**မနီလာ နိုဝင်ဘာ ၂၆**

ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်များ တိုးတက်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ သန်း ၅၀ ချေးငွေပေးအပ်မည်ဖြစ်ကြောင်း ၎င်းဘဏ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အာရှဖွံ့ဖြိုးရေးဘဏ်က ၂၀၀၈ ခုနှစ်ကပင် ထောက်ပံ့ပေးခဲ့သည်။ ၎င်းအစီအစဉ်အရ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်များတွင် ဒစ်ဂျစ်တယ်စနစ် အသုံးပြုမှု မြှင့်တင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများ မြန်ဆန်စေရေးနှင့် ပြည်သူ့အသုံးစရိတ် စီမံခန့်ခွဲမှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။

ယခုအာရှဖွံ့ဖြိုးရေးဘဏ်က ဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲရေးအစီအမံများသည် ကမ္ဘောဒီးယားနိုင်ငံ၏ အသုံးစရိတ်နှင့် ဘဏ္ဍာငွေ စီမံခန့်ခွဲမှုများကို အထောက်အကူပြုမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**




# ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ဈေးဝယ်စင်တာတစ်ခု မီးလောင်မှုဖြစ်ပွား၊ အနည်းဆုံး ၁၁ ဦး သေဆုံး

**အစ္စလာမာဘတ် နိုဝင်ဘာ ၂၆**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ ကရာချိတွင် ဈေးဝယ်စင်တာတစ်ခု ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁ ဦး သေဆုံးပြီး ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ပြင်းထန်သော မီးလောင်ဒဏ်ရာကြောင့် ဆေးရုံသုံးရုံတွင် သေဆုံးသူအရေအတွက် တိုးမြင့်လာနိုင်ကြောင်း ကရာချိခရိုင်၏ လက်ထောက်ကော်မရှင်နာ အော်တက်ဖ်ရှီရိုက်ခ်က အတည်ပြုပြောကြားသည်။

အဆိုပါ အထပ်မြင့်ဈေးဝယ်စင်တာသည် Rashid Minhas လမ်းမကြီးပေါ်တွင် တည်ရှိပြီး နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းတွင် မီးစတင် လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးသတ်သမားများနှင့် ကယ်ဆယ်ရေးလုပ်သား များက မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်း များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆိုသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်တိုက်၏ခေါင်မိုးပေါ်ရှိ မီးစက်ချို့ယွင်းမှု ကြောင့် မီးလောင်မှုဖြစ်ပွားကြောင်း ကယ်ဆယ်ရေး ဝန်ထမ်းများက ဆိုသည်။

ယခုလအစောပိုင်းတွင် ကရာချိမြို့ရှိ လူနေအိမ် များ၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အဆောက် အအုံများအပါအဝင် အဆောက်အအုံအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုများနှင့် မီးသတ်စနစ်များ လုံလောက်စွာ မရှိကြောင်း တရားဝင်အစီရင်ခံစာတွင် ဖော်ပြသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၌ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ဆောင်ရွက်မည်

**အစ္စလာမာဘတ် နိုဝင်ဘာ ၂၆**

ပါကစ္စတန်နိုင်ငံသည် နိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး ရည်မှန်းချက်များကို ပြည့်မီစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲမှုကို မြှင့်တင်မည်ဖြစ်ကြောင်း စွမ်းအင်နှင့် ရေနံဝန်ကြီး မိုဟာမက်အလီက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် စွမ်းအင်ကဏ္ဍသည်အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေသဖြင့် စွမ်းအင် အသွင်ကူးပြောင်းရေးကို အစိုးရကဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်မည် ဖြစ်ကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံ၏ စွမ်းအင်လိုအပ်ချက် ကြီးမားလာသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သုံးစွဲနေရသည့်အပြင် စွမ်းအင်ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မည့်အရေးကို ထိန်းသိမ်းဆောင်ရွက်နေရကြောင်း ၎င်းကမှတ်ချက်ပြု ပြောကြားသည်။



စွမ်းအင်ကဏ္ဍတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် စွမ်းအင်ဆိုင်ရာ အနာဂတ်ကို အစိုးရက ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သည် နိုင်ငံအတွင်း စွမ်းအင်ဖူလုံရေး၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် အကူအညီပေးနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# လေထုညစ်ညမ်းမှုသည် ဥရောပနိုင်ငံများ၌ အရေးကြီးဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအန္တရာယ်ဖြစ်

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၆**

လေထုညစ်ညမ်းမှုသည် လက်ရှိအချိန်တွင် ဥရောပနိုင်ငံများ၌ အရေးကြီးဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး အန္တရာယ်ဖြစ်စေကြောင်း ဥရောပသမဂ္ဂ ပတ်ဝန်းကျင်အေဂျင်စီက ယမန်နေ့က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

၂၀၂၁ ခုနှစ်တွင် လေထုညစ်ညမ်းမှု ပမာဏသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၎င်း၏ လေထုအရည်အသွေး လမ်းညွှန်ချက်များတွင် အကြံပြုထားသည့် အဆင့်များထက် ကောင်းမွန်လျက်ရှိနေသေးကြောင်း ဥရောပပတ်ဝန်းကျင် အေဂျင်စီက အစီရင်ခံစာတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှု မရှိစေရေး ကာကွယ်တားဆီး ဆောင်ရွက်ခြင်းသည် သိသာထင်ရှားသော သေဆုံးမှု အရေအတွက်ကို တားဆီးနိုင်လိမ့်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဥရောပသမဂ္ဂနိုင်ငံများအတွင်း ၂၀၂၁ ခုနှစ်အတွင်း သေဆုံးသူ အရေအတွက် ၃၂၀၀၀၀ ကျော်သည် လေထုညစ်ညမ်းစေသည့် အမှုန်အမွှားများနှင့် ဆက်စပ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

လေထုညစ်ညမ်းမှုကြောင့် အဆုတ်ကင်ဆာ၊ နှလုံးရောဂါ၊ ပန်းနာရင်ကျပ်နှင့် ဆီးချိုရောဂါကဲ့သို့သော ရောဂါများဖြစ်စေကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည် လွှဲပြောင်းပေးအပ်လျက် ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၅၈၀၊ အမျိုးသမီး ၆၈ ဦး စုစုပေါင်း ၆၄၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ယနေ့အထိ တရုတ်နိုင်ငံသား အမျိုးသား ၇၈၄၆ ဦး၊ အမျိုးသမီး ၇၉၅ ဦး စုစုပေါင်း ၈၆၄၁ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးများနှင့်မော်တော်ယာဉ်များ သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် နိုဝင်ဘာ ၂၆

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Aluminum Frame ကီလိုဂရမ် ၂၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင် သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် အမျိုးသမီးအဝတ်အထည် ၄၁၇ ထည်၊ Face Wash မျက်နှာသစ်ဆပ်ပြာ ၄၆၆ ဘူး အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၇၂၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်မှ ထုတ်ယူလိုသောဆန္ဒမရှိသည့် Fashion Pants ဘောင်းဘီရှည် အထည် ၁၇၀၀ အပါအဝင် ကုန်ပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၈၁၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် မီးဖိုချောင်သုံး စတီးအိုး ကီလိုဂရမ် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့အနီး မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော DexOph မျက်စိနှင့်နား အစက်ချဆေးဘူး ၁၄၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော EQUATE Polyethylene ကီလိုဂရမ် ၁၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၆၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Howo SinoTractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၁၆၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၆၉၁၀၀၀) ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၁-၂၀၂၃ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၂၅** 'သာမညဖလ အဘိတော်နေ့' တရားတော်
**၀၈:၃၅** မာရဝိဇယမြတ်ဗုဒ္ဓ
**၀၉:၁၅** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
**၁၀:၃၀** 'သာမညဖလ သုတ္တန်' တရားတော်
**၁၁:၀၀** Economic Review
**၁၁:၃၅** ဘဝနှင့်အနုပညာ 'နှလုံးသားထဲက အနုပညာပြယုဂ်များ' 'ဒါရိုက်တာဟိန်းစိုး' (အပိုင်း-၁)
**၁၂:၃၀** 'ဘဝကိုခြယ်တံနှစ်သွယ်' တရားတော်
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတောင်းဖြည့်ကြယ်တာရာစေတာလာ' (အပိုင်း-၁၂)
**၁၅:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၆၇)
**၁၆:၃၅** မျိုးဗုဇ်တင့်စေဆိုကရေးတီးအမွေ
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၃၅** This Week's Special Interest
**၁၈:၀၀** မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တန်ဆောင်တိုင်တေးများ
**၂၁:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၁၇)

**mitv**

**07:01** Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
**07:05** New Destination for Sea Lovers (Done Nyaung Hmaing)
**07:17** Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-3) Residence of Rich Man, Kothiya
**07:23** Magnificent Festival in Tazaungmone
**08:01** News
**08:26** Global Updates; 4 Ways AI will reshape society
**08:37** Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
**08:55** Fullmoon Day of Tazaungmone
**09:01** Attractive New Destinations of Bagan
**09:23** Mezali Salad & Vermicelli Soup
**09:44** Discovering Tribes: Da Nu (Their Life and Customs) Part 1
**10:51** Listening Pleasure, Instrumental Music (Banjo) Baranee

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** အလှဖြာဝေရာမည်မြေ (ဒေသအလှ၊ ဓလေ့ရိုးရာထုတ်ကုန်များ)
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** အဆိုတော်ကြီးဖြစ်ချင်သူ (မေသူကျော်-Interview)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** တောင်ပေါ်မြေကပွဲတော်ည
**ဝ (၁၂:၀၀ မှ ၁၄:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** ဝိန်းပုတ်ဝက်သားဟင်း
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** တံမြက်စည်းလက်မှုပညာ
**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** ဖားစည်မြေမှရောင်စုံအလှ (အပိုင်း-၂)
**ချင်း (လိုင်စိုး) (၂၁:၀၀ မှ ၂၂:၀၀)** ချင်း(ချိုး)ဝတ်စားဆင်ယင်မှုများ (အပိုင်း-၁)
**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ကျန်းမာရေးအထောက်အကူပြုတဲ့ ရှောက်သီးအကြောင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၁၅** ထူးခြားစုံလင်အာရုံစိဗိတ်အစီအစဉ်
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရှုချင်းအတူတူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** PR SYSTEM ရှင်းလင်းပွဲ
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဖီဂျီသမ္မတနိုင်ငံ)
**၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁၅)
**၁၈:၀၀** Economic Review (အပိုင်း-၃၀)

**MRTV FARMERS' / H TV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၅** အေးချမ်းသာယာလောကချမ်းသာဗုဒ္ဓဂါယာ ကုလားမတောင်
**၀၆:၄၅** နေကြာစိုက်ပါ ပျားမွေးပါ
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** Dream Girl 2023 (နိုင်ငံခြားဇာတ်လမ်း)
**၂၂:၀၀** Hocus-Pocus-2- 2022 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / H TV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၁၆:၃၀** MNL 2022 Match(Replay)
**၁၈:၀၀** အားကစားသတင်း
**၁၉:၃၅** Weekly Sports Info

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင် ၈၁ ခု ပျက်စီးဆုံးရှုံးခဲ့ရ



အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂) – တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၂) ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တယ်လီဖုန်းတာဝါတိုင်များနှင့် လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

**ပျက်ဆီးဆုံးရှုံး**

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်အထိ လျှပ်စစ်ဓာတ်အားပေး တာဝါတိုင် ၈၁ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ယင်းသို့ အကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော လျှပ်စစ်ဓာတ်အားပေးတာဝါတိုင်များအား ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ဖောက်ခွဲ မီးရှို့ဖျက်ဆီးခြင်းများသည် မိုက်မဲသောလုပ်ရပ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်မီးနေ့စဉ်အသုံးပြုလျက်ရှိသည့် ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

**လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့**

အကြမ်းဖက်အဖွဲ့များအနေဖြင့် လျှပ်စစ်ဓာတ်အားပေးတာဝါတိုင်များအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)– တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၁၅) ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)– တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၁) ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ၂၃၀ ကေဗွီ သာယာကုန်း–ကမာနတ်၊ သာယာကုန်း–ဘိုင်းဒါး နှစ်ထပ်ဓာတ်အားလိုင်း ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ၂၃၀ ကေဗွီ သာယာကုန်း–ကမာနတ်၊ သာယာကုန်း–ဘိုင်းဒါး နှစ်ထပ်ဓာတ်အားလိုင်း ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ၂၃၀ ကေဗွီ တောင်ငူ–သာယာကုန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၂၅) ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ၂၃၀ ကေဗွီ တောင်ငူ–သာယာကုန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၂၄) ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “LAMIN Myat” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက်နေ လုကြာအား နံနက် ၄ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

မောင်ရွှေရိုး

## နိဒါန်း

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဆိုပါက ရွေးကောက်ပွဲများကျင်းပ၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတာဝန်များအတွက် ဆောင်ရွက်ကြမည့် ပါတီကိုယ်စားလှယ်များကို ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ကြခြင်းဖြစ်သည်။ ထိုသူများသည် နိုင်ငံတော်ကို စီမံအုပ်ချုပ်ကြရမည့်သူများ ဖြစ်ပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲတစ်ခုသည် တရားမျှတပြီး လွတ်လပ်၍ မှန်ကန်မှုရှိစေရန် အရေးကြီးပါသည်။ ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အသက်ခန္ဓာများဖြစ်သဖြင့် နိုင်ငံသားတိုင်း အလေးထားကြစေလိုပါသည်။ မိမိတို့ရရှိသည့် နိုင်ငံသားအခွင့်အရေးဖြင့် ဆန္ဒပြုရွေးချယ်လိုက်သည့် တန်ဖိုးမှာ မိမိနိုင်ငံတော်၏ ကံကြမ္မာဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါသည်။

## ဗြိတိသျှတို့သိမ်းပိုက်ပြီး အစောပိုင်းကာလ

မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီး အစောပိုင်းကာလကတည်းက ရွေးကောက်ပွဲများ ဆောင်ရွက်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်က ၁၈၆၁ ခုနှစ် အိန္ဒိယကောင်စီဥပဒေများပါ ဥပဒေပြုခွင့်ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကို ဒုတိယဘုရင်ခံအား အုပ်ချုပ်စေပြီး ဥပဒေပြုကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံးရွေးကောက်ပွဲဖြစ်သည့် ဥပဒေပြုကောင်စီရွေးကောက်ပွဲ (Legislative Council Election) ကို ပထမဆုံးစတင်ကျင်းပခဲ့ရာ မြန်မာတစ်နိုင်ငံလုံး ဆန္ဒမဲပေးနိုင်သည့်ဦးရေ ၁၇၆၇၂၂၇ ဦးအနက် ကန့်သတ်အုပ်ချုပ်မှုနှင့် ကန့်ကွက်မှုများကြောင့် ၆ ဒသမ ၉၂ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြသည်။ ဥပဒေပြုကောင်စီကိုယ်စားလှယ်အတွက် အင်္ဂလိပ်ကုန်သည် ၁၀၀ လျှင် ကိုယ်စားလှယ်တစ်ဦးကျ ရွေးချယ်ခွင့်ရှိသော်လည်း မြန်မာတိုင်းရင်းသား ၃၀၀၀၀ လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းသာ ရွေးချယ်ခွင့်ရရှိခဲ့ကြပါသည်။ အလားတူ အုပ်ချုပ်ရေးကောင်စီဝန်ကြီး လေးနေရာတွင်လည်း နှစ်ဦးကို အင်္ဂလိပ်ဘုရင်ခံက တိုက်ရိုက်ခန့်ပြီး ကျန်နှစ်နေရာကို ဥပဒေပြုကောင်စီက ထောက်ခံသူနှစ်ဦးအား ဘုရင်ခံက လက်ခံသည့်စနစ်ကို ကျင့်သုံးခဲ့ပါသည်။ ရွေးကောက်ပွဲတွင် ၂၁ ဦးပါတီက နေရှင်နယ်လစ်ပါတီအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဂျေအေမောင်ကြီးအဖွဲ့က အင်ဒီပင်းဒင့်အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ရွေးကောက်ပွဲပြီးသွားသောအခါ အမတ် ၇၉ နေရာအတွက် နေရှင်နယ်လစ်ပါတီမှ ၂၈ နေရာ၊ အင်ဒီပင်းဒင့်ပါတီမှ နေရာ ၂၀ ရရှိခဲ့ပါသည်။ ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင် ကိုးဦးပါဝင်ရာ ငါးဦးမှာ အစိုးရအရာရှိများဖြစ်၍ လေးဦးမှာ အရာရှိမဟုတ်သူများ ဖြစ်ကြသည်။ ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ပြုခြင်းဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဥပဒေပြုခွင့်ရရှိလာခဲ့ခြင်းဖြစ်သည်။

၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ၁၉၁၉ ခုနှစ် အိန္ဒိယနိုင်ငံ (စီရင်အုပ်ချုပ်မှု) ဥပဒေအရ မြန်မာနိုင်ငံသည် ဒိုင်အာခီအုပ်ချုပ်ရေးကို ရရှိခဲ့သည်။ ဒိုင်အာခီစနစ်တွင် "ပြည်နယ်ကိစ္စရပ်များ" ကို မြန်မာအစိုးရက တာဝန်ယူသည်။ ဘုရင်ခံသည် ဥပဒေပြုကောင်စီက ရွေးကောက်တင်မြှောက်သည့် ဝန်ကြီးနှစ်ဦး၏ အကြံပေးချက်အရ အုပ်ချုပ်သည်။ ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင် ၁၀၃ ဦးရှိရာ မြန်မာပြည်နယ်ဥပဒေပြုကောင်စီတွင် ၇၉ ဦးကို ရွေးကောက်တင်မြှောက်သည်။ ရွေးကောက်တင်မြှောက်ခံရသော ၇၉ ဦးအနက် ၅၈ ဦးကို အထွေထွေမဲဆန္ဒနယ်များ (General Constituencies) မှလည်းကောင်း၊ ကုန်သည်များနှင့် တက္ကသိုလ်ကို ကိုယ်စားပြုသည့် အထူးမဲဆန္ဒနယ်များမှ ခြောက်ဦးကိုလည်းကောင်း၊ လူမျိုးအလိုက်ထားရှိသော မဲဆန္ဒနယ် ၁၅ နယ်တွင် အိန္ဒိယလူမျိုးတို့အတွက် ရှစ်နေရာ၊ ဥရောပတိုက်သားများအတွက် တစ်နေရာ၊ အင်္ဂလိပ် – အိန္ဒိယကပြားများအတွက် တစ်နေရာနှင့် ကရင်လူမျိုးအတွက် ငါးနေရာကိုလည်းကောင်း သတ်မှတ်ထားခဲ့သည်။ ဥပဒေပြုကောင်စီတွင် အထွေထွေမဲဆန္ဒနယ်များအပြင် လူမျိုးအလိုက် ရွေးချယ်ရန် မဲဆန္ဒနယ်များကို သတ်မှတ်ခြင်းသည် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ပုံစနစ်ကို ပီပြင်စွာ သရုပ်ပေါ်စေသည်။ အထွေထွေမဲဆန္ဒနယ်များကိုလည်း မြို့မနှင့် ကျေးလက်မဲဆန္ဒနယ်များအဖြစ် ခွဲခြားခဲ့ပြန်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ အသက် (၁၈)နှစ်အထက် ကျေးရွာများတွင် နေထိုင်သူဖြစ်လျှင် လူခွန်သို့မဟုတ် သဿမေဓ အခွန်ဆောင်သူဖြစ်ပြီး မြို့များတွင် နေထိုင်သူဖြစ်လျှင် အမြတ်ခွန်သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ် အနည်းဆုံးအခွန် လေးကျပ် ထမ်းဆောင်သူဖြစ်ရသည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို မြန်မာတို့ မကြိုက်ခဲ့သော်လည်း ရွေးကောက်တင်မြှောက်ခြင်းဟူသော အလေ့အကျင့်ကို မြန်မာလူမျိုးများအနေဖြင့် အတိုင်းအတာတစ်ခုအထိ ရရှိခဲ့သည်။ ၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဒုတိယဘုရင်ခံ ဆာရယ်ဂျီနာကရက်ဒေါက်၏ရာထူးနေရာ၌ ဆာဟာကုတ်ဘတ္တလာ တာဝန်လွှဲပြောင်းရယူခဲ့ပါသည်။ ထိုနေ့၌ပင် ဒိုင်အာခီအစိုးရအဖွဲ့ကို ဖွဲ့စည်းကာ ဝန်ကြီးရာထူး လေးနေရာကို ခန့်အပ်ခဲ့ရာ ဘဏ္ဍာရေးဝန်ကြီး ဆာဝီလျံကီ၊ ပြည်ထဲရေးဝန်ကြီး ဆာမောင်ခင်၊ ပညာရေးဝန်ကြီး နေရှင်နယ်လစ်ပါတီမှ အမ်အေမောင်ကြီးနှင့် သစ်တောရေးရာဝန်ကြီး အင်ဒီပင်းဒင့်ပါတီမှ ဂျေအေမောင်ကြီးတို့ကို ခန့်အပ်ခဲ့ပါသည်။

ဒုတိယအကြိမ် ရွေးကောက်ပွဲကို ၁၉၂၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ရာ မဲပေးနိုင်သူဦးရေ ၁၈၂၃၃၄၇ ဦးအနက် ၁၆ ဒသမ ၂၆ ရာခိုင်နှုန်း မဲပေးခဲ့ကြပါသည်။ ဝင်ရောက်ယှဉ်ပြိုင်သောပါတီ လေးပါတီရှိပြီး ပြည်သူပြည်သားပါတီ (People's Party)၊ သရာဇပါတီ၊ ရွှေတောင်ကြားပါတီနှင့် ဟုမ္မရူးလိဂ်ပါတီ (Home Rule League) တို့ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပြည်သူပြည်သားပါတီ ၂၅ နေရာ၊ သရာဇပါတီ ကိုးနေရာ၊ ရွှေတောင်ကြားပါတီ နေရာ ၂၀ နှင့် ဟုမ္မရူးလိဂ်ပါတီ ၁၁ နေရာ အရွေးခံရပါသည်။ အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် ဘုရင်ခံက တိုက်ရိုက်ခန့်အပ်ဝန်ကြီး နှစ်ပါးမှာ ဘဏ္ဍာရေးဝန်ကြီး ဆာဝီလျံကီနှင့် ပြည်ထဲရေးဝန်ကြီး ဦးမေအောင်တို့ဖြစ်ပြီး အင်အားကြီးပါတီတို့၏ ထောက်ခံမှုဖြင့် ပညာရေးဝန်ကြီး ဒေါက်တာဘရင်နှင့် သစ်တောရေးရာဝန်ကြီး ဦးအရိမ်တို့ကို ခန့်အပ်ခဲ့ပါသည်။

၁၉၂၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၌ တတိယအကြိမ်မြောက် ဒိုင်အာခီ ရွေးကောက်ပွဲကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် ပြည်သူပြည်သားပါတီနှင့် ရွှေတောင်ကြားပါတီ စုစုပေါင်း နှစ်ပါတီယှဉ်ပြိုင်ကြပါသည်။ ရွေးကောက်ပွဲတွင် ပြည်သူပြည်သားပါတီက အမတ်နေရာ ၄၀ ရွေးချယ်ခံရပြီး ရွှေတောင်ကြားပါတီက အမတ် ၁၂ နေရာသာ ရရှိခဲ့ပါသည်။ ဘုရင်ခံ ဆာချားလ်အင်းနစ်၏ အလိုကျ ခန့်အပ်ရသော ဝန်ကြီးနှစ်နေရာမှာ ဘဏ္ဍာရေးဝန်ကြီး ဆင်မြူရယ် ဒဂင်ဒရူးစမိုက်နှင့် ပြည်ထဲရေးဝန်ကြီး ဆာဂျေအေမောင်ကြီးတို့ ဖြစ်ပါသည်။ ကျန်ဝန်ကြီးနှစ်ဦးမှာ ပညာရေးဝန်ကြီး ဝတ်လုံဦးဘတင်နှင့် သစ်တောရေးရာဝန်ကြီး ဦးအရိမ်ဖြစ်ပါသည်။

၁၉၃၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ စတုတ္ထအကြိမ်မြောက် ဒိုင်အာခီရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံနှင့် တွဲရေးအဖွဲ့များဖြစ်သော ဦးချစ်လှိုင် ဂျီစီဘီအေနှင့် ဒေါက်တာဘမော်ပါတီ၊ ခွဲရေးအဖွဲ့များဖြစ်သော အမ်အေမောင်ကြီး၏ ပြည်သူပြည်သားပါတီ စုစုပေါင်း သုံးပါတီတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ ရွေးကောက်ပွဲတွင် အိန္ဒိယနိုင်ငံနှင့် တွဲရေးအဖွဲ့၊ ခွဲရေးအဖွဲ့၊ ကြားနေအဖွဲ့များ ပေါ်လာကြပြီး ယင်းရွေးကောက်ပွဲတွင် တွဲရေးဘက်မှ ၄၂ ဦး၊ ခွဲရေးဘက်မှ ၂၉ ဦး၊ ကြားနေ တစ်သီးပုဂ္ဂလအမတ် ကိုးဦးတို့ အရွေးခံခဲ့ကြပါသည်။ အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် ဘဏ္ဍာရေးဝန်ကြီး မစ္စတာကူးပါး၊ ပြည်ထဲရေးဝန်ကြီး ဆာမောင်ဘ၊ သစ်တောရေးဝန်ကြီး ဆာဂျေအေမောင်ကြီး၊ ပညာရေးဝန်ကြီး ဝတ်လုံတော်ရ ဦးကျော်ဒင်တို့အား ခန့်အပ်ခဲ့ပါသည်။

## ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) အက်ဥပဒေ

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) အက်ဥပဒေအရ မြန်မာနိုင်ငံအစိုးရသည် ပို၍ အာဏာရရှိလာသည်။ ဗြိတိသျှဘုရင်မင်းမြတ်ကို ကိုယ်စားပြုသော ဘုရင်ခံနှင့် လွှတ်တော်နှစ်ရပ်ပါဝင်သော ဥပဒေပြုလွှတ်တော်တို့သည် ဥပဒေပြုခွင့်ရရှိလာကြသည်။ ယင်းအုပ်ချုပ်ရေးစနစ်ကို ၉၁ ဌာန အုပ်ချုပ်ရေးဟုခေါ်တွင်သည့် ဥပဒေပြုလွှတ်တော်၏ အမတ်များကိုလည်းကောင်း၊ ဝန်ကြီးများကိုလည်းကောင်း ရွေးချယ်တင်မြှောက်ခွင့် အထိုက်အလျောက်ပေးခဲ့ကြောင်း တွေ့ရှိနိုင်ပေသည်။ ရွေးချယ်တင်မြှောက်သည့် အလေ့အကျင့်ကို ပြည်သူလူထုအနေဖြင့် အထိုက်အလျောက်ရရှိခဲ့သည်။ ဥပဒေပြုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ရှိပါသည်။ အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House Of Representative) တို့ဖြစ်ကြပါသည်။ အထက်လွှတ်တော်တွင် အမတ် ၃၆ ဦး ပါဝင်ပြီး ထက်ဝက်ကို အစိုးရကခန့်အပ်၍ ထက်ဝက်ကို အောက်လွှတ်တော်၌ ရွေးချယ်တင်မြှောက်ပါသည်။ အောက်လွှတ်တော်အမတ်များထဲမှ အချိုးကျ ကိုယ်စားပြုရွေးချယ်သည့်စနစ် (System Of Proportional Representation) ကျင့်သုံးပါသည်။

၁၉၃၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ၉၁ ဌာန အုပ်ချုပ်ရေးကာလ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ ပထမဆုံးအကြိမ် ဥပဒေပြု အောက်လွှတ်တော်အမတ် ရွေးကောက်ပွဲ ဖြစ်ပါသည်။ အထွေထွေမဲဆန္ဒနယ်များကို ကျေးလက်နှင့် မြို့မ မဲဆန္ဒနယ်များဟု ထပ်မံခွဲခြားထားသည်။

စာမျက်နှာ ၁၇ သို့ ☆



ပြည်ထောင်စုလွှတ်တော်(၁၉၄၇)၏ အောက်လွှတ်တော်အစည်းအဝေးကို ရန်ကုန်မြို့ အတွင်းဝန်ရုံး၌ ကျင်းပစဉ်။

> မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီး အစောပိုင်းကာလကတည်းက ရွေးကောက်ပွဲများ ဆောင်ရွက်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်က ၁၈၆၁ ခုနှစ် အိန္ဒိယကောင်စီဥပဒေများပါ ဥပဒေပြုခွင့်ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကို ဒုတိယဘုရင်ခံအား အုပ်ချုပ်စေပြီး ဥပဒေပြုကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံးရွေးကောက်ပွဲဖြစ်သည့် ဥပဒေပြုကောင်စီရွေးကောက်ပွဲ (Legislative Council Election) ကို ပထမဆုံး စတင်ကျင်းပခဲ့ရာ မြန်မာတစ်နိုင်ငံလုံး ဆန္ဒမဲပေးနိုင်သည့်ဦးရေ ၁၇၆၇၂၂၇ ဦးအနက် ကန့်သတ်အုပ်ချုပ်မှုနှင့် ကန့်ကွက်မှုများကြောင့် ၆ ဒသမ ၉၂ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြ

☆ စာမျက်နှာ ၁၆ မှ

အိန္ဒိယလူမျိုး မဲဆန္ဒနယ်များအားလုံးသည် မြို့မ မဲဆန္ဒနယ်များ ဖြစ်ကြသည်။ အင်္ဂလိပ်-မြန်မာ ကပြားမဲဆန္ဒနယ်အဖြစ် မြန်မာနိုင်ငံတစ်ခုလုံး ကို သတ်မှတ်သည်။ ဥရောပတိုက်သားများ မဲဆန္ဒနယ်အဖြစ်လည်း မြန်မာနိုင်ငံတစ်ခုလုံးကို သတ်မှတ်ပါသည်။ အထူးမဲဆန္ဒနယ်များအဖြစ် သတ်မှတ်သော ကုန်သည်ကြီးများ၊ စက်မှုလုပ်ငန်း များနှင့် တက္ကသိုလ်တို့အတွက်လည်း သီးခြား ပြဋ္ဌာန်းချက်များ ပါရှိပါသည်။ မဲစာရင်းသီးခြား ပြုစု၍ ယင်းမဲစာရင်း၌ ပါဝင်သူများက ယင်းမဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးရပါသည်။ ယင်းမဲစာရင်းတွင် ပါဝင်ရန် ဗြိတိသျှလက်အောက်ခံ နိုင်ငံသား သို့မဟုတ် အိန္ဒိယတိုင်းရင်းသား မင်ဘာများပိုင် နယ်မြေ လက်အောက်ခံနိုင်ငံသား များဖြစ်ရမည့်အပြင် အသက်(၂၁)နှစ် ပြည့်သူများ ဖြစ်ရပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ သတ်မှတ်ရာ၌ အရည်အချင်းများတွင် အခွန် ထမ်းဆောင်သူဖြစ်ခြင်း၊ ပစ္စည်းပိုင်ရှင်ဖြစ်ခြင်း စသည်တို့ကို တစ်ချိန်က ထည့်သွင်းခဲ့ကြောင်း၊ အမြတ်ခွန်ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် အစိုးရဝန်ထမ်းအဖြစ်မှ အငြိမ်းစားနေသူဖြစ်ခြင်း သို့မဟုတ် လူခွန် သို့မဟုတ် သဿမေဓခွန် ထမ်းဆောင်သူဖြစ်ခြင်း၊ ဒိစတြိတ် ကောင်စီအခွန် ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် ငါးကျပ်ထက် မနည်းသော မြေခွန်ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် မြို့တွင်နေထိုင်သူဖြစ်လျှင် ကျပ်တစ်ရာ ထက်မနည်း တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပိုင်ဆိုင်သူဖြစ်ခြင်း၊ မြို့တွင် နေထိုင်သူ ဖြစ်လျှင် မြူနီစီပယ်ခွန်ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် လေးကျပ်ထက်မနည်းသော အိမ်ငှားခ ရှိသည့် အိမ်တွင်နေထိုင်သူဖြစ်ခြင်း စသည့် အခွန်ပေးဆောင်မှု သို့မဟုတ် ပစ္စည်းပိုင်ဆိုင်မှုတို့ကို အရည်အချင်းတစ်ရပ်အဖြစ် ထည့်သွင်းခဲ့ကြောင်း သိရှိရပါသည်။

အောက်လွှတ်တော်တွင် ပြည်သူတို့ရွေးချယ် တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ် ၁၃၂ ဦး ပါဝင်ပါသည်။ အောက်လွှတ်တော်၏ သက်တမ်းမှာ ငါးနှစ် ဖြစ်ပါသည်။ အထက်လွှတ်တော်တွင် လွှတ်တော်အမတ် ၃၆ ဦး ပါဝင်ပြီး အထက် လွှတ်တော်၏သက်တမ်းမှာ ခုနစ်နှစ် ဖြစ်ပါသည်။ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရ ခုနစ်ပါတီတွင် ငါးပွင့်ဆိုင်ပါတီမှ ၄၆ ဦး၊ ဆင်းရဲသားဝံသာနု (ခားမ) ပါတီမှ ၁၆ ဦး၊ ဦးချစ်လှိုင် ဂျီစီဘီအေပါတီမှ ၁၂ ဦး၊ ကိုယ့်မင်းကိုယ့်ချင်းပါတီမှ သုံးဦး၊ ဖေဘီယန်ပါတီမှ တစ်ဦး၊ ရွှေတောင်ကြားပါတီမှ နှစ်ဦး၊ သက်ပန်း ဂျီစီဘီအေပါတီမှ တစ်ဦးနှင့် တစ်သီးပုဂ္ဂလ ၁၇ ဦး တို့ အနိုင်ရရှိကြပါသည်။ ငါးပွင့်ဆိုင်ပါတီတွင် ဦးဘဘေ၏ ပြည်သူပြည်သားပါတီ၊ ရွှေကျင် ဦးပု၏ လွတ်လပ်ရေးပါတီ၊ အမ်အေမောင်ကြီးအဖွဲ့၊ မန္တလေးဗဟိုစည် ဦးဘဦးတို့အဖွဲ့၊ ရတနာပုံ အသင်း ချုပ်ကြီးတို့ ပါဝင်ဖွဲ့စည်းထားရာ ငါးပွင့်ဆိုင်ပါတီ သည် အမတ်အများဆုံးအနိုင်ရရှိသော်လည်း အမှန် တကယ် အစိုးရဖွဲ့သောအခါ နန်းရင်းဝန်၊ ဝန်ကြီးနှင့် အမတ်နေရာများအပေါ် အဝေမတည့်ဖြစ်ရကာ ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ရပါသည်။ ၉၁ ဌာန ကျင့်သုံးနေစဉ် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက် နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သဖြင့် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပ ခြင်းမရှိခဲ့ပေ။

### စစ်ပြီးခေတ်မြန်မာနိုင်ငံ

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ပင်လုံ စာချုပ်ပါ တိုင်းရင်းသားလူမျိုးစုများပါ ကိုယ်စားပြု ပါဝင်သည့် အောင်ဆန်း - အက်တလီသဘော တူညီချက်နှင့်အညီ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) အက်ဥပဒေပါ ရွေးကောက်ပွဲ ယန္တရားများကို အသုံးပြု၍ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ဖဆပလအဖွဲ့ချုပ်က အနိုင်ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေး စတင် ကျင်းပသည်။ အခြေခံအချက်များကို ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင် ဇွန်လ ၁၆ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးသို့ တင်သွင်း ၍ ၁၈ ရက်နေ့တွင် အဖွဲ့ဝင် ၇၅ ဦးထက်မနည်း ပါဝင်သော အခြေခံဥပဒေကော်မတီကို တိုင်းပြည်ပြု လွှတ်တော်က ဖွဲ့စည်းပေးခဲ့သည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြု လွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလ တွင် ဘုရင်ခံကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဝင်ရောက် တာဝန်ယူသူ ဦးနုနှင့်အဖွဲ့သည် လန်ဒန်မြို့သို့ သွားရောက်၍ နု-အက်တလီစာချုပ်ဟု အမည်တွင် သည့်စာချုပ်ကို ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်တွင် ဗြိတိသျှအစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံအား လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည်။

### ၁၉၄၇ ခုနှစ် စစ်ပြီးခေတ် ရွေးကောက်ပွဲကျင်းပမှု

စစ်ပြီးခေတ်ရွေးကောက်ပွဲများကို မူလက ရွေးကောက်ပွဲမင်းကြီး တစ်ဦးခန့်ထားပြီး ယင်း၏ စီမံခန့်ခွဲမှု၊ ကြီးကြပ်မှုအောက်တွင် ရွေးကောက်ပွဲ များကို ကျင်းပခဲ့ကြပါသည်။ ၁၉၄၆ ခုနှစ်မှစတင်ခဲ့ သည့် ရွေးကောက်ပွဲမင်းကြီးများမှာ ဦးကာစီ၊ ဦးလှရှိန်၊ ဦးကျော်၊ ဦးလှိုင်ဘွား၊ ဦးစံညွန့်၊ ဦးဘငွေး၊ ဦးအုန်းဖေ တို့ဖြစ်သည်။ ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ပထမဆုံးရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲများကို ရွေးကောက်ပွဲ မင်းကြီးချုပ်နှင့် ရွေးကောက်ပွဲမင်းကြီးများက အဖွဲ့ဖြင့် တာဝန်ယူစုပေါင်းဆောင်ရွက်လာသည် ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သတိုးသီရိဓမ္မဦးတင်က ရွေးကောက်ပွဲမင်းကြီးချုပ်အဖြစ် ဆောင်ရွက်၍ ရွေးကောက်ပွဲမင်းကြီးများအဖြစ် သတိုးမဟာသရေ စည်သူ ဦးချန်ထွန်းအောင်နှင့် ဝဏ္ဏကျော်ထင် ဦးအုန်းဖေတို့ ဆောင်ရွက်သော ရွေးကောက်ပွဲ ကော်မရှင်၏သက်တမ်းမှာ တစ်နှစ်ခန့်သာ ကြာမြင့် ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် ခန့်ထားသောကော်မရှင် ကို တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ် မတ်လ ၈ ရက်နေ့မှစ၍ ဖျက်သိမ်းခဲ့ကာ အဖွဲ့ဝင် သုံးဦးတို့၏ အလုပ်ဝတ္တရားများကိုလည်း ယင်းနေ့မှစ၍ ရပ်စဲခဲ့ သည်။

၁၉၄၇ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ များဖြစ်သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ)၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ကရင်အမျိုးသားသမဂ္ဂတို့သာမက တစ်သီးပုဂ္ဂလများပါ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပါသည်။ ရွေးကောက်ပွဲတွင် နေရာ ၂၅၅ နေရာအနက် လူမျိုးစု ၅၅ နေရာကို ချန်လှပ်ပြီး ရွေးချယ်တင်မြှောက်ကြပါသည်။ ယင်းရွေးကောက်ပွဲ တွင် ဖဆပလအဖွဲ့ချုပ် ကိုယ်စားလှယ်လောင်းများ နှင့် ဖဆပလအဖွဲ့ချုပ်က ကြိုတင်အမည်စာရင်း သတ်မှတ်ပေးသည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်တင်မြှောက်ခံရပါသည်။

ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ် (ဖဆပလ) က ၁၇၂ နေရာ၊ ကရင် တိုင်းရင်းသား ၂၄ နေရာ၊ ဗမာပြည်ကွန်မြူနစ်ပါတီ ခုနစ်နေရာ၊ အင်္ဂလိပ် - ဗမာ ကပြား လေးနေရာနှင့် တစ်သီးပုဂ္ဂလ သုံးနေရာ အသီးသီးအနိုင်ရရှိခဲ့သည်။ အင်္ဂလိပ် - ဗမာကပြားလေးနေရာနှင့် တစ်သီးပုဂ္ဂလ သုံးနေရာမှလွဲ၍ ကျန်အမတ်များအားလုံး ဖဆပလ နှင့်ပူးပေါင်းခဲ့ရာ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ) က ၂၅၅ နေရာ အနက် ၂၄၃ နေရာရရှိရာ ၉၅ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့သည်။

### လွတ်လပ်ရေးရပြီးခေတ် ရွေးကောက်ပွဲများ

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖဆပလ ခေတ် (၁၉၄၈-၁၉၆၂) တွင် ပါလီမန်အထွေထွေ ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ တွင် “ဤအခြေခံဥပဒေအရ ကျင်းပသော ပထမ အမတ် ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာ တည်သည့်နေ့မှစ၍ ၁၈ လအတွင်း ကျင်းပရမည်” ဟု ဖော်ပြပါရှိသော်လည်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းစစ်ကြောင့် **ပထမအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲ** အား ၁၉၅၁ ခုနှစ် ဇွန်လ ၁၂၊ ၁၃ ရက်နေ့မှ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလအထိ အသုတ်လိုက်ခွဲ၍ ကျင်းပ ခဲ့ပြီး နိုင်ငံရေးပါတီ ၁၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ထုတ်ပြန်ချက်အရ ဖဆပလအဖွဲ့ချုပ်နေရာ ၁၈၀၊ ဗမာပြည်အလုပ်သမားလယ်သမားပါတီ ခြောက် နေရာ၊ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံ ၁၄ နေရာ၊ ရခိုင်အမျိုးသားအဖွဲ့ ကိုးနေရာ၊ တစ်သီးပုဂ္ဂလ ရခိုင်မွတ်စလင်များ လေးနေရာ၊ ကရင်အမျိုးသား ကွန်ဂရက် သုံးနေရာ၊ ချင်းနိုင်ငံရေးအဖွဲ့အစည်းများ ငါးနေရာ၊ အခြားတစ်သီးပုဂ္ဂလများ ရှစ်နေရာတို့ အမတ်များ ရွေးချယ်ခံရပါသည်။ ထိုရွေးကောက်ပွဲ တွင် ဖဆပလအဖွဲ့ချုပ်က ၉၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပါသည်။

**ဒုတိယအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲ** အား ၁၉၅၆ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ဇွန်လအထိ ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၂၉ ပါတီ ပါဝင်ယှဉ်ပြိုင် ခဲ့ကြပါသည်။ ဖဆပလအဖွဲ့ချုပ် ၁၄၄ နေရာရရှိခဲ့ပြီး ဆန္ဒမဲပေါင်း ၁၇၄၃၈၁၆ မဲဖြင့် မဲပေးမှုရာခိုင်နှုန်းမှာ ၄၇ ဒသမ ၉ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ) အမတ် ၄၆ နေရာ ရွေးချယ်ခံရပြီး ဆန္ဒမဲပေါင်း ၁၁၃၉၂၀၆ မဲဖြင့် မဲပေးမှုရာခိုင်နှုန်းမှာ ၄၄ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ၁၉၅၆ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲတွင် ဖဆပလ ကသာ အနိုင်ရရှိသော်လည်း ၁၉၅၈ ခုနှစ် မေလ တွင် ဦးနု၊ သခင်တင်တို့ ခေါင်းဆောင်သော သန့်ရှင်း ဖဆပလအုပ်စုနှင့် ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ ခေါင်းဆောင်သော တည်မြဲဖဆပလအုပ်စုဟူ၍ ဖဆပလ နှစ်ခြမ်းကွဲခဲ့ပါသည်။ အနိုင်ရရှိသော ဦးနု ခေါင်းဆောင်သည့် အစိုးရအသစ် ပြန်လည်ဖွဲ့စည်း ခဲ့ပါသည်။

**တတိယအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲ** မကျင်းပမီ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် နိုင်ငံရေးသမားများကြား အာဏာ လွန်ဆွဲပွဲများ ပြင်းထန်လာသောအခြေအနေများ ကြောင့် ပြည်တွင်းအခြေအနေအရပ်ရပ် မတည်ငြိမ် မှုများ ဖြစ်လာသဖြင့် ဝန်ကြီးချုပ် ဦးနုသည် ဗိုလ်ချုပ် ကြီးနေဝင်း ခေါင်းဆောင်သော အိမ်စောင့်အစိုးရထံ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့၍ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လွတ်လပ်ပြီး တရားမျှတသော ပါလီမန်အထွေထွေရွေးကောက်ပွဲ ကို ကျင်းပပေးခဲ့ပါသည်။ ထိုရွေးကောက်ပွဲသည် တတိယအကြိမ် ပါလီမန်အထွေထွေ ရွေးကောက်ပွဲ ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၃ ပါတီနှင့် အဖွဲ့အမည်မပါသော တစ်သီးပုဂ္ဂလများ လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် နေရာ ၂၅၀ အနက် သန့်ရှင်းဖဆပလ ၂၀၃ နေရာ၊ တည်မြဲဖဆပလ ၃၉ နေရာ၊ မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု (ပမညတ) တစ်နေရာ အမတ်များ ရွေးချယ်ခံရပါသည်။ အနိုင် ရရှိသော သန့်ရှင်းဖဆပလသည် ၁၉၆၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် ညီလာခံကျင်းပ၍ ပြည်ထောင်စုပါတီ (ပထစ)ဟူ၍ ပြောင်းလဲခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် အနိုင်ရရှိသော ပြည်ထောင်စုပါတီ (ပထစ) ကို အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် အာဏာ ပြန်လည်လွှဲပြောင်းရာတွင် ဝန်ကြီးချုပ် ဦးနုက နိုင်ငံတော်အကြီးအကဲတာဝန်ကို ဆက်လက် ထမ်းဆောင်ခဲ့ပါသည်။

### တော်လှန်ရေးကောင်စီ ရွေးကောက်ပွဲများ

ပြည်ထောင်စုအစိုးရ (၁၉၆၀-၁၉၆၂) လက်ထက် တွင် ရခိုင်နှင့် မွန်ပြည်နယ်ပေးရေး ပြဿနာများ သာမက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ် သည့် ကိစ္စများအပြင် ဖက်ဒရယ်မူပြဿနာများ ပေါ်ပေါက်လာပြီး နိုင်ငံရေးအခြေအနေ ယိမ်းယိုင် ယိုယွင်းလာသော အခြေအနေအရပ်ရပ်ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော တပ်မတော် က ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အာဏာ သိမ်းယူပြီး တော်လှန်ရေးကောင်စီအစိုးရဖွဲ့စည်း ခဲ့ကာ မတ်လ ၃ ရက်နေ့တွင် ပြည်ထောင်စုမြန်မာ နိုင်ငံပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်ကို ဖျက်သိမ်း လိုက်ရာ ပါလီမန်ဒီမိုကရေစီခေတ် အဆုံးသတ်ခဲ့ ပါသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ တော်လှန်ရေး ကောင်စီက နိုင်ငံတော်အာဏာကို ရယူခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းရန် ရှိနေသည့်အတွက် ၁၉၇၃ ခုနှစ်အထိ ရွေးကောက်ပွဲ များကို ကျင်းပခြင်း မပြုနိုင်ခဲ့ပါ။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံး တွင် ကျင်းပခဲ့ပါသည်။ ၁၉၇၃ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေ အရ ဥက္ကဋ္ဌ ဦးစိုးရနှင့် အဖွဲ့ဝင် ၂၆ ဦး စုစုပေါင်း ၂၇ ဦး ပါဝင်သော ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၇) ဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ပြဋ္ဌာန်းခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ပုံမှန်ရွေးချယ် တင်မြှောက်ပွဲများကို လေးကြိမ် ကျင်းပ ခဲ့ပါသည်။

**“ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ပင်လုံစာချုပ်ပါ တိုင်းရင်းသားလူမျိုးစုများပါ ကိုယ်စားပြုပါဝင်သည့် အောင်ဆန်း - အက်တလီသဘောတူညီချက်နှင့်အညီ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) အက်ဥပဒေပါ ရွေးကောက်ပွဲယန္တရားများကို အသုံးပြု၍ တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ဖဆပလအဖွဲ့ချုပ်က အနိုင်ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေး စတင်ကျင်းပသည်။ အခြေခံအချက်များကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဇွန်လ ၁၆ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးသို့ တင်သွင်း၍ ၁၈ ရက်နေ့တွင် အဖွဲ့ဝင် ၇၅ ဦးထက်မနည်း ပါဝင်သော အခြေခံဥပဒေကော်မတီကို တိုင်းပြည်ပြုလွှတ်တော်က ဖွဲ့စည်းပေးခဲ့ ”**

(ဆက်လက်ဖော်ပြပါမည်)

# NUG ၊ PDF အကြမ်းဖက်သောင်းကျန်းသူများနှင့် အချို့သော EAOs အဖွဲ့များမှ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား တိုက်ခိုက်လျက်ရှိသည့် အခြေအနေများ၊ ၂၆-၁၁-၂၀၂၄ ရက်နေ့ ရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ လူနေမှုဘဝ မြင့်မားစေဖို့နဲ့ လူမှုစီးပွားဘဝ လုံခြုံတိုးတက်စေဖို့အတွက် အဓိကက လျှပ်စစ်စွမ်းအားကဏ္ဍဟာ အရေးကြီးပါတယ်။ NUG, PDF အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ အချို့သော EAOs အဖွဲ့တွေဟာ မြန်မာနိုင်ငံရဲ့ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းပေါင်းစုံနဲ့ အဓိကထား တိုက်ခိုက်နေတာကို တွေ့ရပါတယ်။ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်၊ ပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအပြင် လျှပ်စစ်ကဏ္ဍကိုလည်း ဖျက်လိုဖျက်ဆီးလုပ်နေတာကို တွေ့ရပါတယ်။ ဒီလို လုပ်ဆောင်တဲ့နေရာမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ကနေ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့အထိ လျှပ်စစ်ဓာတ်အားပေးလိုင်းတွေ၊ တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲတာတွေ၊ လျှပ်စစ်ဓာတ်အားခွဲစက်ရုံတွေကို အဝေးကနေ ပစ်ခတ်တာတွေ၊ Drop Bomb ချပြီး တိုက်ခိုက်တာတွေ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ လျှပ်စစ်ဓာတ်အားပေး တာဝါတိုင် ၈၁ ခု ပျက်စီးခဲ့ကြောင်း တွေ့ရပါတယ်။ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာ အဓိကဖြစ်ပါတယ်။

အဓိကအားဖြင့် ကယားပြည်နယ်အတွင်းမှာ ဖြစ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လျှပ်စစ်စွမ်းအားကဏ္ဍသည် တစ်နိုင်ငံလုံး လိုအပ်တဲ့ အတိုင်းအတာအထိ ပေးနိုင်တဲ့လုံလောက်မှု မရှိသေးပါဘူး။ မလုံလောက်တဲ့ကြားကနေ နိုင်ငံတော်အစိုးရအနေနဲ့ အစိုးရ




အဆက်ဆက်အနေနဲ့ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလို နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေတဲ့ကြားက ဒီအဖျက်လုပ်ငန်းတွေကြောင့် လျှပ်စစ်ဓာတ်အားပေးလိုင်းတွေ ပျက်စီးရခြင်း၊ လျှပ်စစ်ဓာတ်အားခွဲစက်ရုံတွေ ပျက်စီးရခြင်းကြောင့် နိုင်ငံရဲ့ လူမှုစီးပွားဘဝသည် တိုးတက်သင့်သလောက် မတိုးတက်ဘဲနဲ့ နှောင့်နှေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။

အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီအရေးဆိုတာကို ဗန်းပြပြီး တစ်နိုင်ငံလုံး အလုံးစုံ ပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကို ပြည်သူလူထု တစ်ရပ်လုံးက သိရှိပြီး ဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီနေ့ ထိတွေ့တိုက်ပွဲတွေ အခြေအနေကတော့ ရှမ်းပြည်နယ်(အရှေ့မြောက်)ဘက်မှာတော့ မူဆယ် (၁၀၅)မိုင်နားမှာ ထိတွေ့မှုတွေ ဖြစ်ပွားခဲ့တာ ရှိပါတယ်။ လောက်ကိုင်မြို့ကို ရှော့တိုက်ဒုံးနဲ့ မြို့ထဲကို ၄ လုံး လာပစ်ခဲ့ပါတယ်။ ကုန်းကြမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာ ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ AA အနေနဲ့ ပုဏ္ဏားကျွန်းမြို့နယ်က ပြည်သူလူထုကို စာထုတ်ပြီးတော့ မြို့ကနေ အမြန်ဆုံးထွက်ဖို့ ဆိုပြီး ခြိမ်းခြောက်လာတာ တွေ့ရပါတယ်။ ယခင်တုန်းကလည်း အလားတူပါပဲ။ ပေါက်တောမှာ ခြိမ်းခြောက်ပြီးတော့ မြို့နေလူထုကို အပြင်ထွက်ခိုင်းတာ၊ မြို့ထဲမှာ မနေခိုင်းတာမျိုး လုပ်ခဲ့ပါတယ်။ ပြီးရင် ဝါဒဖြန့်ချိမှုအနေနဲ့ ကယ်ထုတ်တယ်ဆိုတဲ့ ဟာမျိုး အကြောင်းပြခဲ့တာဖြစ်ပါတယ်။ အခုလည်း ပုဏ္ဏားကျွန်းမှာ ဆက်လုပ်နေကြောင်း တွေ့ရပါတယ်။ အေးချမ်းစွာနေထိုင်လိုတဲ့ ရခိုင်ပြည်သူလူထုအနေနဲ့ AA နဲ့ ပတ်သက်လာပြီး၊ ဒီလို နှင်ထုတ်တာတွေနဲ့ ပတ်သက်လာပြီး ဆန့်ကျင်နေကြကြောင်း တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ထီးလင်းမှာ ထိတွေ့တိုက်ပွဲ ရှိခဲ့ပါတယ်။ KIA, PDF အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ အဲ့ဒီထိတွေ့တိုက်ပွဲမှာ အကျအရှုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်အနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံး ပြန်လည်ပြီး အမြန်ဆုံးအေးချမ်းလာဖို့၊ တည်ငြိမ်လာဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက် ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသား ပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့်တိုက်ပွဲတိုင်းအောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်







## ငရုတ်ကောင်းမြို့တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)စိုက်ပျိုးပွဲ ကျင်းပ

ငရုတ်ကောင်း နိုဝင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စု သက္ကယ်ပြင်ကွင်းရွာရှိ တောင်သူဦးမြင့်ကိုကို၏ လယ်မြေကွင်းအမှတ် (၂၀၀၀) ဦးပိုင်အမှတ်(၁၆/၁) နှင့် ရေကျော်ကျေးရွာရှိ တောင်သူဦးဝင်းနိုင်၏လယ်မြေ ကွင်းအမှတ်(၁၉၆၂) ဦးပိုင်အမှတ်(၃၅) တို့တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ထုတ်ရန်အတွက် စိုက်ပျိုးကြဲပက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ငရုတ်ကောင်းမြို့စီမံအုပ်ချုပ်ရေးမှူး ဦးဝေယံဦး၊ ရဲတပ်ဖွဲ့စခန်းမှုရဲအုပ် ထွန်းလင်းထက်၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးရဲထွန်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဖြိုးဝေနိုင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့စီမံအုပ်ချုပ်ရေးမှူး ဦးဝေယံဦးနှင့် တာဝန်ရှိသူများ၊ ကျေးရွာ စိုက်တိုးမြှင့်အဖွဲ့မှ တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်းကြဲပက် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ငရုတ်ကောင်း(ပြန်/ဆက်)

# ပင်းပက်သံမဏိစက်ရုံတွင် လက်နက်ခဲယမ်းများ ထုတ်လုပ်နေသည့်အပြင် နျူကလီးယားကိစ္စပါ ကြိုးပမ်းနေကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စုရှိ စက်မှုဝန်ကြီးဌာန အမှတ်(၂) ပင်းပက်သံမဏိစက်ရုံစီမံကိန်းတွင် လက်နက်ခဲယမ်းများ ထုတ်လုပ်ရန်၊ ယူရေနီယမ်ကိစ္စနှင့်လည်း ပတ်သက်ဆက်နွယ်နေပြီး လက်ရှိတွင် နမ့်တဘက်ချောင်းတစ်လျှောက် နေထိုင်သည့် ဒေသခံထောင်ပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် လယ်ယာမြေများကို ဖျက်ဆီးရန် ခြိမ်းခြောက်လာနေကြောင်း၊ စီမံကိန်းကြောင့် သက်လတ်ပိုင်း လူနာအများစုသည် အဆုတ်ကင်ဆာရောဂါ ခံစားနေကြရကြောင်း ပအိုဝ်းလူငယ်အစည်းအရုံး-PYO ထံက သိရသည်ဟု မဟုတ်မမှန်သတင်းများ တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦး၏ပြောကြားချက်အရ လက်နက်ခဲယမ်းများ ထုတ်လုပ်နေသည်ဆိုသည့် ရေးသားချက်မှာ မှားယွင်းနေပြီး တပ်တွင်းသတင်းရင်းမြစ်ထံကဆိုသည့် "နျူကလီးယားကိစ္စပါ ကြိုးပမ်းလာနေကြောင်းသိရသည်" ဟူသော ရေးသားချက်မှာ လုံးဝမှားယွင်းနေကြောင်း၊ စက်ရုံမှ အသုံးပြုမည့် ပင်းပက်သံသတ္တုသံရိုင်း (iron ore) တွင် ဟီမင်တိုက်နှင့် လီမွန်နိုက်ဟူသော သံရိုင်းအမျိုးအစားနှစ်မျိုးသာ အဓိကပါဝင်ပြီး ကျန်သတ္တုများတွင် ဆီလီကာနှင့်အလူမီနာ သတ္တုရိုင်းများ ရာခိုင်နှုန်းအနည်းငယ် ရောနှောပါဝင်လျက်ရှိကြောင်း၊ အထူးသဖြင့် နျူကလီးယားထုတ်လုပ်ရန် လိုအပ်သော ယူယေနီယမ်နှင့် ပလူတိုနီယမ် သတ္တုတို့ကို ရှာဖွေမတွေ့ရှိကြောင်း၊ ထို့အတွက် "နျူကလီးယားကိစ္စပါ ကြိုးပမ်းလာနေသည်" ဟူသော ရေးသားချက်မှာ လုံးဝမှားယွင်းနေပါကြောင်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ကို တစ်နှစ်လျှင် သံစိမ်းတန်ချိန် ၂၀၀၀၀၀ ထုတ်လုပ်ပြီး နိုင်ငံတော်၏ သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ နိုင်ငံအတွက် အဓိကလိုအပ်သည့် သံနှင့် သံမဏိထုတ်ကုန်များ ထုတ်လုပ်ပေးရန်၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ပြီးနိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သံ၊ သံမဏိ ထုတ်လုပ်မှုနည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များအသုံးပြုပြီး မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန်တို့အတွက်ဖြစ်ကြောင်း သိရသည်။

**စွပ်စွဲရေးသားချက်များသာဖြစ်**

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ စက်မှုကုန်ကြမ်းပစ္စည်းလိုအပ်ချက်များကို ပြည်တွင်းတွင် ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်ရေး ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ဖျက်မီဒီယာများက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ပျက်စီးစေရန်နှင့် တိုင်းရင်းသားပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်




မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များတွင် တစ်ဖက်သတ် စွပ်စွဲရေးသားချက်များသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်သူများအား နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေး

**တန့်ယန်း နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်သို့ ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင်သူများအား နေရပ်ပြန်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများကဦးဆောင်၍ နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တန့်ယန်းမြို့နယ်သို့ ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တန့်ယန်း-ပန်ဆန်း မော်တော်ကားလမ်း မြို့ဝင်မုခ်ဦး၌ နွေးထွေးစွာကြိုဆို၍ "ဝ" စာပေနှင့် ယဉ်ကျေးမှုခန်းမ ယာယီစခန်း၌ စနစ်တကျနေရာချထားပေးပြီး နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

"မနက်ဖြန် နံနက်လည်း ထပ်ရောက်ဦးမယ် ကြားတယ်။ လူတော့ တော်တော်များတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နေရပ်ပြန်ဖို့ စီစဉ်ပေးတာကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ဒီမှာနေရတာ အဆင်ပြေပေမယ့် နေရပ်ကိုတော့ အမြန်ပြန်ချင်ပါတယ်" ဟု တန့်ယန်း စစ်ရှောင်စခန်းမှ အောင်လံမြို့နယ်နေ အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ယာယီစခန်းများတွင် စနစ်တကျနေရာချထားပေးပြီး စားသောက်ရေး၊ နေထိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးကာ နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**အာဟာရဒါနပြု**

ပြီးခဲ့သည့် နိုဝင်ဘာ ၂၃ ရက်ကလည်း တန့်ယန်းမြို့သို့ ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင်သူများအား တစ်ညတာအိပ်စက်နိုင်ရန် တန့်ယန်းမြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး စေတနာရှင်အလှူရှင်များနှင့်ပူးပေါင်း၍ တတ်နိုင်သမျှ အာဟာရဒါနပြုခဲ့ကြကြောင်း သိရသည်။

TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းအပါအဝင် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်လျက်ရှိသည့်အပြင် ဒေသအတွင်း ကုန်စည်စီးဆင်းမှုပျက်ပြားစေရန်အလို့ငှာ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသော လမ်းများအား ကန့်လန့်ဖြတ် မြောင်းကြီးများတူး၍ လမ်းအားဖျက်ဆီးကာ မြေစိုင်များဖြင့် ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

ထိုသို့လုပ်ဆောင်ရာတွင် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-လားရှိုး ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်ရှိ နောင်ချိုမြို့နယ် ရွှေညောင်ပင်အနီးတွင် တစ်နေရာ၊ လယ်ကျင်းကွေ့ကျေးရွာအနီးတွင် တစ်နေရာ၊ အုမ္မခါးကျေးရွာ အနီးတွင် တစ်နေရာ၊ ဂုတ်တွင်းရှုခင်းသာအနီးတစ်ဝိုက်တွင် တစ်နေရာ၊ နောင်ပစ်လမ်းခွဲနေရာတွင် တစ်နေရာ၊ နောင်ပစ်နှင့် နောင်ပိန်းကျေးရွာကြား နေရာတစ်ဝိုက်တွင် ခုနစ်နေရာတို့၌ မြေဖြတ်ကျင်းများတူး၍ လမ်းအားဖြတ်တောက်ပိတ်ဆို့ခြင်း၊ အချို့နေရာများတွင် သစ်ပင်ကြီးများအား ခုတ်လှဲပိတ်ဆို့ခြင်းနှင့် မြေကြီးများစုပုံပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာမှုရပ်တန့်ခဲ့ရသည်။ ထိုသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ အရေးပေါ်ကျန်းမာရေးကိစ္စများအတွက် သွားလာရန် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး ဆုံးရှုံးနစ်နာမှုများစွာ တွေ့ကြုံခဲ့ရသည်။

အဆိုပါအကြမ်းဖက် သောင်းကျန်းသူများ လမ်းပိတ်ဆို့ဖျက်ဆီးထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၆ ရက်မှစ၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ကာ အတားအဆီးများအား တစ်ဆင့်ပြီးတစ်ဆင့် ဖယ်ရှားရှင်းလင်း၍ အများပြည်သူ အဆင်ပြေချောမွေ့စွာ ပြန်လည်အသုံးပြုသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများ ပိတ်ဆို့ဖျက်ဆီးထားသည့် နေရာ ၁၂ နေရာတို့အား ပြန်လည်ဖယ်ရှားရှင်းလင်းပေးနိုင်ခဲ့ပြီး ကျောက်မဲမြို့အထိ ပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်သည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် ကျန်ရှိသည့် နေရာများကို ပုံမှန်အတိုင်း ပြန်လည်အသုံးပြု သွားလာနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းမကြီးများအား ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်း - သစ်တော် ဓာတ်ပုံ - တန့်ယန်းမြို့နယ်အရန်မီးသတ်**



# သရက်ချောင်းမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ ပြုလုပ်

**သရက်ချောင်း နိုဝင်ဘာ ၂၆**

တနင်္သာရီ တိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပန်းတောရပ်ကွက်ရှိ ကွင်းအမှတ် (၃၇၆ BN)၊ ဦးပိုင်(၃၆)၊ ဧရိယာ ၂ ဒသမ ၅၀ ဧကရှိ တောင်သူဦးစိန်တင်၏ ရောမင်းပေါင်ပျိုး ၆ ဒသမ ၆ ပေပတ်လည် စံကွက်ရိတ်သိမ်းခြင်းကို ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲကို သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးဇော်မင်းနှင့်ဝန်ထမ်းများ၊ သရက်ချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထွဋ်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မြတ်ထွေးသွယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် ရောမင်းစပါးတစ်ဧကလျှင် အစို ၁၁၄ ဒသမ ၅၇ တင်းနှုန်း ထွက်ရှိပြီး သရက်ချောင်းမြို့နယ်တွင် မိုးစပါးစိုက်ဧက ၂၆၀၁၉ ဧက ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Supplementary Grammar Exercises

(ယခင်တစ်ပတ်မှ အဆက်)

**(F)Change the following sentences into Negative Questions.**

e.g. (1) ကိုကိုက ကျောင်းသားတစ်ယောက် မဟုတ်ဘူးလား။

(ပထမအဆင့်)Ko Ko is a student.
(ကိုကို ကျောင်းသားတစ်ယောက် ဖြစ်သည်။)
(ဒုတိယအဆင့်) Ko Ko **is not/ isn't** a student.
(ကိုကို ကျောင်းသားတစ်ယောက် မဟုတ်ပါ။)
အဖြေမှန် **Isn't** Ko Ko a student? (OR) (ကိုကို ကျောင်းသားတစ်ယောက် မဟုတ်ဘူးလား။)
အဖြေမှန် **Is** Ko Ko **not** a student?

1.Zaw Zaw is a captain of the football team.
______________________________________?
2. Ma Ma is a teacher of this school.
3. Khin Khin is your friend.
4. Ko Maung is your family doctor.
5. Your uncle is a shopkeeper.
6. His father is the owner of this store.
7. Lwin Lwin is the painter of this picture.

**(G)Translate the followings.**

၁။ သူတို့က ဘောလုံးသမားတွေ မဟုတ်ကြဘူးလား။ (footballers/ football players)
၂။ သူ့အဖေက တပ်မတော်အရာရှိတစ်ဦး မဟုတ်ဘူးလား။ (an army officer)
၃။ သူက အဆိုတော်တစ်ဦး မဟုတ်ဘူးလား။ (a vocalist/ a singer/ a popstar)
၄။ မင်းတို့က သင်တန်းသားတွေ မဟုတ်ကြဘူးလား။ (trainees)
၅။ မင်းအမေက ဆရာမတစ်ဦး မဟုတ်ဘူးလား။ (a teacher)
၆။ သူတို့သူငယ်ချင်းက မော်ဒယ်တစ်ယောက် မဟုတ်ဘူးလား။ (a model)
၇။ မင်းဦးလေးက ကားမောင်းသမားတစ်ဦး မဟုတ်ဘူးလား။ (a car driver)

**(H)Change the following sentences into Who/ What ..questions.**

e.g. (1) ကိုကိုက စစ်သားတစ်ယောက်ဖြစ်တယ်။ ဘယ်သူက စစ်သားတစ်ယောက်လဲ။ ကိုကိုက ဘာလဲ။

Ko Ko is a soldier. **Who** is a soldier? **What is** Ko Ko?

1.Min Min is an engineer.
______________________________________?
2. Khin Khin is a designer.
3. Daw Mar Mar is an English teacher.
4. U Win Maung is a famous artist.
5. Zu Zu is a window washer.

**(I)Translate the followings.**

၁။ ဘယ်သူက မင်းသူငယ်ချင်းလဲ။ (your friend)
၂။ သူတို့က ဘာတွေလဲ။
၃။ မင်းတို့က ဘာတွေလဲ။
၄။ သူ့အမေက ဘာလဲ။
၅။ သူတို့အမေက ဘာလဲ။

**(J)Translate the followings.**

၁။ သူက ကဗျာဆရာလား။ (a poet)
______________________________________.
၂။ ငါတို့က သွားဆရာဝန်တွေပါ။ (dentists)
၃။ သူ့အဖေက ဝန်ကြီးချုပ်လား။ (the Prime Minister)
၄။ ရန်ကုန်က မြန်မာနိုင်ငံရဲ့မြို့တော်လား။ (the capital city of Myanmar)
၅။ မင်းဦးလေးက ဆံပင်ညှပ်သမားလား။ (a barber/ hairdresser)

*******************

## Grade 6

### Unit 7
### Lesson 1: What does he look like?

(A) Complete the sentences with the words given below.

| | | |
|---|---|---|
| complexion | handsome | average |
| attractive | slim | beautiful tall |

1. She is a very _________woman. She is also friendly.
2. My mother is short but my father is ______.
3. My uncle is ________but my aunt is fat.
4. I'm not tall. I'm _____________height.
5. Every mother thinks her child is _________.
6. He is tall and _____________________.
7. She has a fair __________________.

Grammar

(A) Rearrange the following sentences.
1. has / Father/ black / got/ hair/ . /
2. is/ a/ student/ high school/ She/ . /
3. height / average/ He / is/ . / of/
4. has/ Mother/ long/ got/ hair/ ./
5. is/ Uncle / his late sixties/ in/ . /

(B) Use the correct form of "going to + infinitive" and the verbs in brackets.

e.g. I ____________ (take) some photos at the weekend.
I am going to take some photos at the weekend.

1. They _____________________ (order) a pizza for dinner.
2. We ______ (not play) football tomorrow.
3. Zaw Lay ___________(get) a new job.
4. ___________(you/ phone) me tonight?
5. Yu Yu ______ (not buy) a new skirt for the party.

(C) Change the following into negative sentences.

e.g. Mother **is** attractive.
Mother **is not** attractive.
e.g. He **has got** blue eyes.
He **has not got** blue eyes.
e.g. He **has** a wide mouth.
He **does not have** a wide mouth.

1. She has got long hair.
(_________________________________)
2. Their complexion is dark.
3. She has curly long hair.
4. He has got dark eyebrows.
5. Lin Lin has big ears.

(D)Translate the following.
1. သူသည် ရုပ်ရည်ချောမောသည်။ (be/ handsome)
2. သူ့အဖေသည် အရပ်ရှည်ပြီး ကိုယ်ခန္ဓာတောင့်တင်းသည်။ (be/ tall/ well-built)
3. သူ့အမေသည် အရပ်ပုပြီး ဝသည်။ (be/ short/ plump)
4. သူ့အစ်မသည် သာမန်အရပ်ရှိပြီး ဆွဲဆောင်မှုရှိသည်။ (be/ average height/ attractive)
5. သူ့ညီမသည် ပိန်ပါးပြီး ကြည့်ကောင်းသည်။ (be/ slim/ good-looking)

**************

## Grade 7

### Unit 6
### Lesson 4: The best things about your town

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We are h_________ to see you again.
2. Lying on the beach is r_____________.
3. Wearing a helmet while riding a bike helps keep you _____.
4. This story is so i____________ that I want to listen twice.
5. The question is not difficult. It is e______.
6. He is b_________ now. Can you leave a message?
7. He told us a very e__________ adventure story.
8. Learning English has many a___________ nowadays.
9. His greatest i_____________ is playing games.
10. The park is p___________ and quiet.

**II. Supply the correct form of the words given in brackets.**

1. (excite) This game is _____than that one.
2. (excite) People tend to raise their voice when they get ___________.
3. (easy) It is not _________ to be honest all the time.
4. (easy) Reading skill is ___________ than writing skill.
5. (relax) I am __________ to sit on the beach.
6. (relax) Sitting on the beach is ___________.
7. (peace) He had a __________ life.
8. (enjoy) She is a good teacher. Her lessons are really ____________.
9. (village) The _____ work together to grow crops and take care of their village.
10. (fresh) Let's go for a walk and get ____air.

**III. Supply the correct form of the verbs given in brackets.**

1. (not, see) I ___________ him since morning.
2. (go) Grandpa _________ to the monastery once a week.
3. (love) Father ___________ me most among the family members.
4. (live) He ___________ here for 20 years.
5. (locate) The park ___________ in the north of the country.
6. (grow) Rice does not ___________ in cold climates.
7. (walk) He __________ into the room and sat down on the sofa.

**IV. Change the statements to questions using the question word in parentheses!**

1. They do their homework at night. (when)
When do they do their homework at night?
2. U Hla came to the party alone. (who)
Who ________________________________?
3. The car is across the street from the house. (where)
Where ______________________________?
4. That is an English book. (what)
What _______________________________?

5. She will go to France on the next holiday.
6. The party lasted all night. (how long)
7. He studies piano at the university. (what)
8. She talked to him for an hour. (how long)
9. She was eating a sandwich. (what)
10. My parents have three cars. (how many)

**************

## Grade 8

### Unit 7
### Lesson 1: Who's calling, please?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Mom uses her m________ phone to send messages to dad.
2. Can I use your t____________?
3. Which p___________ of Myanmar do you live?
4. I had a nice c________ with my friend at school.
5. Can you speak l__________? I can't hear.
6. Say g____ to your friends before you leave.
7. She is my best f______. She always helps me when I need.
8. The company's new products are a_____ on the market now.
9. Have a nice day! See you l____________.
10. Brush your teeth b______ you go to bed.

**II. Supply the correct form of the verbs given in brackets.**

1. (speak) He can _____________ English fluently.
2. (answer) He didn't ____________ my question.
3. (finish) Have you ____________ your homework?
4. (wait) Who are you _____________ for?
5. (make) Mother _______ breakfast for us now.
6. (receive) I ____________ a present from my parents on my recent birthday.
7. (play) Football ____________ all over the world.
8. (meet) I ____________ him at the airport this morning.
9. (face) What problem did you ___________ yesterday?
10. (pick) She ____________ up the phone and dialed the numbers.

**III. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | |
|---|---|---|
| louder | special | telephone |
| available | invitation fast | during |

1. The cookies are ___________ for everyone to enjoy after lunch.
2. Mom called Dad on the _________ to tell him dinner was ready.
3. The fireworks lit up the sky _________ the nighttime.
4. We're excited to get an __________ to the school event.
5. Today is my birthday, so it's a _____day!

*******************

## Grade 9

### Unit 7 Lesson 2: Culprits in the climate change crisis!

**I. Fill each blank with an appropriate word. The initial letters are given to help you.**

1. Mom is cooking dinner in the k_________ right now.
2. Before we leave the house, we should u_______ all the electronic devices.
3. The factory has filters to reduce the e________ it releases into the atmosphere.
4. An a________ is a type of writing that gives information about a topic.
5. A g_______ is a building made of glass or plastic where plants can be protected and grow.
6. Scratching e_______ a skin rash.
7. C______ happens when something burns and produces heat and light.
8. C________ is the kind of weather a place usually has, like if it's hot or cold, sunny or rainy.
9. E________ are things that use electricity to work, like phones and radios.
10. We recycle p________ like bottles and bags to help the environment.

**II. Supply the correct forms of the words given in brackets.**

1. (agriculture) Myanmar and Vietnam are _______ countries.
2. (product) _______ means creating things, like making cars or clothes in a factory.
3. (consume) Reading a book can be a fun and _____ way to spend your free time.
4. (consume) We all are ________ because we use things that are made by companies, like phones and computers.
5. (transport) Bicycles, cars, and buses are different types of ______ we use to get around.
6. (globe) People around the world can connect with each other through the ______ internet.
7. (responsible) Not doing your homework is considered ______ because it's your responsibility as a student.

**III. Complete the following sentences with the given verbs.**

| | | |
|---|---|---|
| control | combat | lead |
| release | | produce |
| reduce | consume | curb |

1. To keep our neighborhood clean, we should ______ our littering habits and use trash cans.
2. We ______ food to give us energy and keep us healthy.
3. I can _______ my waste by recycling paper and plastic bottles.
4. Factories _______ toys, clothes, and other things we use every day.
5. Balloons ______ into the sky when we let them go.
6. Mom will ________ us to the store so we can buy some ice cream.
7. We can ________ the cold weather by wearing warm coats and hats.
8. You can ________ the TV with the remote to change the channel.

*********************

**IV. Answer the questions on "Are you willing to combat climate change?"**

1. When will the effects of climate change get worse?
2. What is the impact of our diets on climate change?
3. According to whom, what percentage of the world's greenhouse gas emissions is caused by our diets?
4. How much of greenhouse gas emissions from food production comes from raising livestock?
5. What are some examples of greenhouse gases mentioned in the passage?

Ans:

Unit 7

Lesson 2: Culprits in the climate change crisis!

I. 1. kitchen; 2. unplug; 3. emissions; 4. article; 5. greenhouse; 6. exacerbates; 7. Combustion; 8. Climate; 9. Electronics; 10. plastics;

II. 1. Agricultural; 2. Production; 3. Consuming; 4. Consumers; 5. Transportation; 6. Global; 7. Irresponsible;

III. 1. curb; 2. consume; 3. reduce; 4. produce; 5. release; 6. lead; 7. combat; 8. control;

IV. 1. The effects of climate change will get worse if the greenhouse gases in the atmosphere cannot be controlled. 2. Our diets have a huge impact on climate change. 3. According to the Food and Agriculture Organisation, 14.5% of the world's greenhouse gas emissions are caused by our diets. 4. Raising livestock generates 21% of greenhouse gas emissions from food production. 5. Some examples of greenhouse gases mentioned in the passage include methane belched by grazing animals, as well as methane and nitrous oxide released from livestock manure.

*******************

## Grade 12

### Unit 5 COLOURS

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

VII (A) 1. Going good 2. It's fine 3. I am having some problems with Maths. 4. Sorry to know. 5. What's about English? (B)6. Are you doing 7. I'd rather 8. I can't 9. Where are you off to 10. Oh, did I

****************

**Supplementary Grammar Exercises**

(A)

1. I will go to the park when it stops raining.
2. He is happy because he won the game.
3. She studied hard so that she could pass the exam.
4. We should take an umbrella in case it starts to rain.
5. They went to bed early since they were tired.
6. He couldn't find his keys although he searched everywhere.
7. She can have dessert if she finishes her dinner.
8. I will call you when I arrive at the airport.
9. They couldn't go to the party because they had to study.
10. He will come to the meeting if he is feeling better.
11. We should go for a walk if the weather is nice.
12. She didn't eat anything because she wasn't hungry.
13. He can join us when he finishes his work.
14. We will go to the beach if it is sunny.
15. She will wait for you when you return.
16. I will go shopping when I have some free time.
17. They missed the bus because they were late.
18. He won't go to the party unless he is invited.
19. She is going to the movies with her friends.
20. They will start the game when the referee blows the whistle.

(B)1. Although it was raining, we went outside to play. 2. Although she felt tired, she did her best in the match. 3. Ko Lay was such a fast runner that he won the race. 4. It was so hot that we went swimming in the pool. 5. By the time the bell rings, it's time to go home. 6. When she arrived, the party had already started. 7. Whenever it snows, we build a snowman. 8. Every time she sees a dog, she gets excited. 9. No sooner do I finish my dinner than I will start my homework. 10. As soon as he arrived home, it started raining. 11. Unless it stops raining, I won't go to the park. 12. Unless you get up early, you will miss the school bus. 13. As it is raining, I brought an umbrella. 14. Because it was cold outside, she put on a jacket. 15. After Khin Lay finished her homework, she helped her mother. 16. After Zin Zin had eaten dinner, she watched her favourite TV show.

***********************

### Unit 6 ARTIFICIAL INTELLIGENCE

**I. Complete the sentences with the appropriate words. The initial words are given.**

(10 marks)

1. An i________ person is someone who is smart and good at solving problems.
2. In some movies, robots with artificial i________ can talk, think, and even have emotions just like humans.
3. A b________ is a big achievement that helps us understand or solve something important.
4. Writing letters or sending emails are different forms of c________ that help us stay connected with people who are far away.
5. Cars, trains, and airplanes are different types of t________ that help us travel long distances.
6. S________ is a set of instructions that tells a computer or device what to do.
7. I________ are new and creative ideas or inventions that make our lives better or easier.
8. D________ are the negative aspects or disadvantages of something.
9. Recycling paper, plastic, and glass is a form of c________ that helps reduce waste and protect the planet.
10. A r________ is a big change or a complete turnaround in something.

***************

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

(1) Everybody must overcome life no matter how -------- it is.
( A. harden B. hard C. hardening )

(2) Be careful to walk -------- the road as the buses are contravening traffic rules.
( A. across B. through C. past )

(3) I am very fond of doing -------- jobs such as cooking and cleaning.
( A. unpleasant B. simple C. domestic )

(4) Studious students can -------- their best in the examination.
( A. do B. make C. perform )

(5) After studying for long hours, your brain will get ------.
( A. fatigue B. tired C. confused )

(6) ------- you meet, you should greet appropriately.
( A. No matter who B. No matter whom C. No matter what )

(7) To have an advantageous position, you must have -------- experience.
( A. required B. needed C. wanted )

(8) While typing a text, everyone can -------- spelling mistakes.
( A. do B. make C. perform )

(9) Today, -------- cameras are widely used to shoot movies.
( A. analogue B. numerical C. digital )

(10) No matter -------- time it is, we must finish the work.
( A. when B. what C. where )

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

1. You eat too much junk food. You will feel sick. (Join the sentences, using appropriate "Subordinating conjunction".)
2. My head touched on the pillow. I fell asleep. (Join the sentences, using appropriate "Subordinating conjunction".)
3. I want to travel around the world, but I don't have much money. (Use "the second conditional".)
4. The flight was delayed. There was an air traffic congestion. (Join the sentences, using linking word "owing to".)
5. It doesn't matter who your teacher is. They will always be there to support and guide you in your learning journey. (Join the sentences, using "No matter who…".)
6. We were exhausted from the long journey. We took a rest at an inn. (Join the sentences using participle phrase.)
7. His talent sets him apart from other musicians. (Use "It is/ was … who/ that…".)
8. They excel in academics and participate in various sports activities. (Use "not only … but also".)
9. She is wearing the dress. It looks beautiful on her. (Join the sentences using suitable relative pronoun.)
10. The dog is very friendly. Its tail wags all the time. (Join the sentences using suitable relative pronoun.)

*************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ပြည်မြို့နှင့် နတ်တလင်းမြို့တို့ရှိ ဗုဒ္ဓမြတ်စွယ်တော်အား မြို့တွင်းသို့လှည့်လည်ပူဇော်နိုင်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း စတင်ပင့်ဆောင်

ပြည် နိုဝင်ဘာ ၂၆

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မြတ်စွယ်တော်တိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား (၁၂၄) ကြိမ်မြောက် မြို့တွင်းလှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဗုဒ္ဓမြတ်စွယ်တော်အား စတင်ပင့်ဆောင်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့သည် ရင်ပြင်တော် မြတ်စွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား မြို့တွင်းလှည့်လည် အပူဇော်ခံမည့် ကရဝိက်ယာဉ်ပေါ်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဂေါပကများ၊ ဌာနဆိုင်ရာများက လက်ဆင့်ကမ်းပင့်ဆောင်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နတ်တလင်းမြို့ ဇီးကုန်းလေးရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ သကျမဟာမြတ်မုနိဘုရားကြီး သာသနာ့ဗိမာန်တော် ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်များကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ရွှေကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်များအား မြို့တွင်းသို့ လှည့်လည်အပူဇော်ခံနိုင်ရေး ကရဝိက်ယာဉ်ပေါ်သို့ လက်ဆင့်ကမ်းပင့်ဆောင်ခဲ့ကြသည်။

အဆိုပါ ပြည်မြို့နှင့် နတ်တလင်းမြို့တို့ရှိ ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်များအား မြို့တွင်းသို့ လှည့်လည် အပူဇော်ခံခြင်း အောင်ပွဲအထိမ်းအမှတ်အဖြစ် ညပိုင်းတွင် မီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၂၆

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းဓမ္မာရုံမဏ္ဍပ်၌ ကျင်းပသည်။

## ဆက်ကပ်လှူဒါန်း

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းမှူးဗိုလ်ချုပ်ကြည်ခိုင်တို့သည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရင်ပြင်တော်တွင် ကျင်းပသည့် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှ စတင်ကာ ရက်



ကန်းစင်တော်များဖြင့် အဆင့်ဆင့် ရက်လုပ်လှူဒါန်း ပူဇော်နေမှုများကို ကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့အား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

မသိုးမြတ် သင်္ကန်းတော် ရက်လုပ်ပူဇော်ခြင်းအား ဗုဒ္ဓမြတ်ရှင်တော်လက်ထက် ဘိက္ခုနီသာသနာတော်ခေတ်၊ မိထွေးတော်ဂေါတမီကို အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သော ရှေးဟောင်းအမွေအနှစ် ကာလဒါနကို ဖော်ထုတ်ခြင်း၊ ကျေးလက်ယဉ်ကျေးမှု အနုပညာကိုပြသဖော်ထုတ်ခြင်း စသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ရက်လုပ်လှူဒါန်းပူဇော်ရာတွင် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ၊ကိုးလုံးတကာ စသည့် ရက်ကန်းပညာရှင်အဖွဲ့များနှင့် ကိုးလုံးတကာစက်ချုပ်ပညာရှင်အဖွဲ့တို့က လုပ်အားဒါနပြုကာ ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပန်းတောင်းမြို့နယ်၌ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပန်းတောင်း နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငှက်ဖျားပိုးတွေ့ရှိမှုရှိနေသော ကျေးရွာများသို့ ကွင်းဆင်း၍ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီခွဲက ညောင်ခြေထောက်ကျေးရွာ အလကကျောင်းခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်စိုးက ငှက်ဖျားရောဂါ ဖြစ်ပွားစေနိုင်သောအကြောင်းရင်းများ၊ ရောဂါသွင်ပြင်နှင့်လက္ခဏာများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြည်ခရိုင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာဇေဖြိုးသန့်က ကျေးရွာသူ ကျေးရွာသားများအား ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးအတွက် အခမဲ့ငှက်ဖျားသွေးဖောက်စစ်ဆေးပေးခြင်း၊ ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည့်နေရာများသို့သွားရောက်လုပ်ကိုင်ရသည့် အိမ်ထောင်စုများအား ဆေးစိမ်ခြင်ထောင်များဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။လပြည့်လင်း(ပြန်/ဆက်)



# ဒိုက်ဦးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ဒိုက်ဦး နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ပြုလုပ်သည်။



အခမ်းအနားသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ဇင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ သင်တန်းသူများ စုစုပေါင်း အင်အား ၇၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းထုတ်ကုန်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ဇင်ထွန်းက သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်ဆက်)

# ပြည်မြို့တွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပြည် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများအဖွဲ့က နိုဝင်ဘာ ၂၆ ရက်တွင် ပြည်မြို့ ရွာဘဲရပ်ကွက် စက်မှုဇုန်ရှိ သီတာမြန်မာအထည်ချုပ်စက်ရုံ၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ အဆိုပါ အထည်ချုပ်စက်ရုံမှ စက်ရုံလုပ်သားများအား ကျန်းမာရေးအသိပညာပေးဟောပြောပြီး စက်ရုံလုပ်သား ၁၅၈ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ၃၁ ဦးအား လိုအပ်သည့် ဆေးဝါးကုသမှုပြုလုပ်ပေးခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ကြပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း ပြည်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



ကိုဆက်(ပြန်/ဆက်)

# ပြည်သူ့ရင်ပြင်၌ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်တွင် လာရောက်လည်ပတ်ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၃ ခုနှစ် ထုတ်ကုန်စက်ပစ္စည်းများ နည်းပညာပြပွဲ၊ စက်မှုထုတ်ကုန်ပစ္စည်းများပြပွဲနှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်အခမ်းအနားကို ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လာရောက်လည်ပတ်ဈေးဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**လှည့်လည်ကြည့်ရှု**

အဆိုပါဈေးရောင်းပွဲတော်ရှိ ဈေးဆိုင်ခန်းများသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၏ အရောင်းဆိုင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းရှင်များ၏ အရောင်းဆိုင်များတွင် ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။ ပွဲတော်ရက်အတွင်း လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီးအား အလှမီးမျိုးစုံဖြင့်လည်းကောင်း၊ မြို့နယ်များမှ ပုံစံမျိုးစုံဖြင့် အလှပန်းခင်းများကို အလှဆင်ထားရှိပြီး ပူဇော်ကန်တော့ရန်ပြုလုပ်ထားသည့် ပန်းခင်းများတွင်လည်းကောင်း ပြည်သူများက မိသားစုလိုက်၊ လူငယ်များက အဖွဲ့လိုက်နှင့် တစ်ဦးချင်း အလှဓာတ်ပုံရိုက်သူများ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြသည်။



ထို့အပြင် ပွဲတော်ရက်အတွင်း နေ့စဉ် E-Sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့်အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဆပ်ကပ်၊ မျက်လှည့်၊ Dancer များ၏ ဖျော်ဖြေတင်ဆက်မှုများကို အားပါးတရ ပျော်ရွှင်စွာ ကြည့်ရှုခံစားကြသည်။ ပြည်သူများ အနေဖြင့် စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ အလှပန်းခင်းများနှင့်အတူ မီးထွန်းပွဲတော်ကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရောင်းချပေးလျက်ရှိသည့် ဆန်၊ ဆီ၊ စားသောက်ကုန်များကို လာရောက်ဝယ်ယူအားပေးကြသည်။

**အဆင်ပြေစွာ သွားလာလျက်ရှိ**

အဆိုပါ ပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်လာပြည်သူများအတွက် သွားရေးလာရေး လွယ်ကူစေရန်အတွက် အကြိုအပို့ကားများကိုလည်း စီစဉ်ထားသဖြင့် အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ (၂၃)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၆**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးတွင် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကို(၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်)ယနေ့ ညနေ ၆ နာရီတွင် ဘုရားကြီး ရင်ပြင်ပေါ်၌ ကျင်းပသည်။

အဆိုပါ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား (၂၃) ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရက်ကန်းခတ်နေမှုအား လှည့်လှည်ကြည့်ရှုသည်။



ထို့နောက် မသိုးသင်္ကန်း ရက်ကန်းခတ် ပူဇော်ပွဲတွင် သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာနှင့် သုဇိတာ စသည့် ရက်ကန်းစင်များဖြင့် မိမိတို့ ရက်ကန်းစင်အလိုက် ရက်ဖောက်ရောက်ခြင်း၊ ချည်ဆက်ခြင်း၊ ရက်ကန်းခတ်ခြင်း၊ ရက်ကန်းစင်များမှ ရရှိသော သင်္ကန်းအား ဆက်ချုပ်ခြင်းတို့ဖြင့် မသိုးသင်္ကန်းကို အချိန်မီပြီးစီးနိုင်ရန်အတွက် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်နေကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရိုင်(ပြန်/ဆက်)



# တောင်ကြီးတန်ဆောင်တိုင် ပဉ္စမမြောက်ည ဒေသခံပြည်သူများ၊ ဧည့်ပရိသတ်များ မီးပုံးပျံလာရောက်ကြည့်ရှုသူ ကွင်းလုံးပြည့်လျှံ

**တောင်ကြီး နိုဝင်ဘာ ၂၆**

မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ဆိုသည့်အတိုင်း နိုဝင်ဘာ၂၅ ရက် တန်ဆောင်တိုင်ပွဲတော် ပဉ္စမမြောက်ညတွင် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီးစိန်နားပန်မီးပုံးပျံ၊ ယမ်းမီးကြီး မီးပုံးပျံပြိုင်ပွဲနှင့် ခေတ်ပေါ်တေးဂီတ တီးဝိုင်းဖြင့် ရုပ်ရှင်နှင့်သရုပ်ဆောင်၊ ဒေသခံအဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဒေသခံပြည်သူများ၊ ရပ်နီးရပ်ဝေး ဧည့်သည်တော်များ၊ ပွဲတော်လာပရိသတ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကွင်းလုံးပြည့်လျှံ လာရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

နိုဝင်ဘာ ၂၅ ရက်တွင် နေ့လွှတ်အရုပ်ခြေနှစ်ချောင်း ခြောက်လုံး၊ ခြေလေးချောင်း နှစ်လုံးနှင့် အရုပ်အုပ်စု နှစ်လုံး၊ ညမီးကြီးစိန်နားပန် ငါးလုံး၊ ညမီးကြီးယမ်းမီး ၂၂ ပေ လေးလုံး၊ ၂၅ ပေ နှစ်လုံး ပါဝင်ယှဉ်ပြိုင် လွှတ်တင်ကြကြောင်း သိရသည်။

မောင်မောင်သန်း(ပြန်/ဆက်)

■ **ကျောဖုံးမှ**

လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် ထိုင်းကစားသမားကို လည်းကောင်း၊ ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမားကို လည်းကောင်း အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ခင်ချယ်ရီသက်သည် ၂၀၁၉ ကမ္ဘာ့ချန်ပီယံရှစ် ပီတန်းပြိုင်ပွဲတွင် တတိယဆုရရှိပြီးနောက် ယခုနှစ်တွင် ရွှေတံဆိပ်ရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ခင်ချယ်ရီသက် သည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်တို့တွင် ကျင်းပသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။ **သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MPF**

# မြန်မာနိုင်ငံတောင်တက်အသင်းအဖွဲ့ချုပ်က ညောင်ဦးမြို့နယ်အတွင်း မျက်စိအမြင်အာရုံချို့တဲ့သူများအား မျက်စိခွဲစိတ်ကုသပေးခြင်းနှင့် ပါဝါမျက်မှန် အခုရေ ၃၀၀ ကျော်အား ထောက်ပံ့ပေးအပ်



**ညောင်ဦး နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံတောင်တက်အသင်းအဖွဲ့ချုပ်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရအား အမှူးပြု၍ ညောင်ဦးမြို့နယ်အတွင်း မျက်စိအမြင်အာရုံချို့တဲ့သူများ မျက်စိအမြင်အာရုံ ကောင်းမွန်စေရေးအတွက် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက မျက်စိခွဲစိတ်ကုသပေးခြင်းနှင့် ပါဝါမျက်မှန် အခုရေ ၃၀၀ ကျော်အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်စိအမြင်အာရုံချို့တဲ့သူများ မျက်စိအမြင်အာရုံကောင်းမွန်စေရန်အတွက် မျက်စိခွဲစိတ်ကုသပေးခြင်းနှင့် ပါဝါမျက်မှန် အခုရေ ၃၀၀ ကျော် ထောက်ပံ့ပေးခြင်းကို မြန်မာနိုင်ငံတောင်တက်အသင်းအဖွဲ့ချုပ်ဦးဆောင်သော စေတနာအလှူရှင်များအဖွဲ့က ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ကျေးရွာများမှ မျက်စိအမြင်အာရုံချို့တဲ့သော မျက်စိဝေဒနာရှင် ဒေသခံပြည်သူ ၁၈ ဦးအား ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးစီးဖွင့်လှစ်ထားသည့် ရတနာပန်းတော်ကုသိုလ်ပြုဆေးခန်းတွင် အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ ခွဲစိတ်ရန်မလိုသေးသော ဒေသခံပြည်သူများအား အမြင်အာရုံကောင်းစေရန် ပါဝါမျက်မှန် အခုရေ ၃၀၀ ကျော်အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ မျက်စိအမြင်အာရုံချို့တဲ့နေသော ဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသပေးခြင်းနှင့် မျက်စိခွဲစိတ်ရန်မလိုသော ဒေသခံပြည်သူများကို ပါဝါမျက်မှန်များ ထောက်ပံ့ပေးအပ်ခဲ့သဖြင့် ယခုအခါ ဒေသခံပြည်သူများက ယခင်ကထက် မျက်စိအမြင်အာရုံ ကောင်းမွန်သွားသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရက မိန့်ကြား၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မှိုစနစ်တကျစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရှာကြစို့

နှင်းယု

**အိမ်ရှင်မများ ချက်ပြုတ်သည့် မိသားစုဟင်းလျာများတွင် မှိုဟင်းသည် စားသုံးမှုများသည့် ဟင်းလျာတစ်မျိုးဖြစ်သည်။ မှိုသည် ကယ်လိုရီပါဝင်မှုနည်းပါးပြီး အဓိကဟင်းလျာအဖြစ် ဖြစ်စေ၊ အရန်ဟင်းလျာအဖြစ် ဖြစ်စေ လွယ်ကူလျင်မြန်စွာ ချက်ပြုတ်နိုင်သည့်အတွက် ဝယ်လိုအားရှိသည့် စိုက်ပျိုးသီးနှံတစ်ခုဖြစ်လာသည်။ ထိုသို့ စားသုံးသူ ဝယ်လိုအားရှိသည့်အတွက် မှိုပေါက်ရာသီတွင် သဘာဝအရပေါက်သည့်မှိုကို စားသုံးသည့်ဓလေ့မှ မှိုမွေးမြူစိုက်ပျိုးထုတ်လုပ်ကာ တစ်နှစ်ပတ်လုံး မှိုဝယ်ယူစားသုံးနိုင်သည့်အနေအထားသို့ ရောက်ရှိလာသည်။**

## အပိုဝင်ငွေရရှိစေနိုင်

တောင်သူများ၏ စိုက်ပျိုးလယ်ယာမြေများမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကို ယခင်က ထယ်ထိုး၊ ထွန်မွှေခြင်း၊ မီးရှို့ပစ်ခြင်းများကိုသာ ပြုလုပ်ခဲ့သော်လည်း ယခုအခါ လယ်ယာမြေ ဘေးထွက်ပစ္စည်းများကို မှိုမွေးမြူစိုက်ပျိုးရာတွင် ပြန်လည်အသုံးပြုခြင်းဖြင့် မှိုစိုက်တောင်သူများအား အထောက်အပံ့ဖြစ်စေသည်။ ထိုကဲ့သို့ မှိုစိုက်ပျိုးထုတ်လုပ်ရန် လယ်ယာမြေထွက်ပစ္စည်းများက အထောက်အပံ့ဖြစ်စေပြီး အလွယ်တကူ စိုက်ပျိုးနိုင်ကာ အပိုဝင်ငွေ ရရှိစေနိုင်သည့်အတွက် တောင်သူများသည် မှိုကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှု၊ စီးပွားဖြစ်စိုက်ပျိုးမှုများ ရှိလာသည်။

"အရင်ကတော့ မှိုဆိုတာ စားသင့်တာနဲ့ မစားသင့်တာ ခွဲခြားသိတဲ့သူရှားတော့ စားမယ်ဆိုရင် တောင် သေချာမေးမြန်းပြီးမှ စားတတ်ကြတယ်။ အခုကတော့ စားသုံးလို့ရတဲ့ စိုက်ပျိုးမှိုတွေက ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူလို့ရပြီးတော့ စားသုံးမှုအားရှိတယ်။ မှိုစိုက်ဖို့က ပဲရိုး၊ ကောက်ရိုး၊ ပဲမှော်၊ မြေပဲခွံတွေ သုံးလို့ရတယ်။ ဒါတွေချည်းပဲ သုံးရတာမဟုတ်ပေမယ့် စနစ်တကျ စိုက်တတ်ရင် စရိတ်နည်းတော့ မှိုစိုက်တဲ့ ကျွန်တော်တို့အတွက် အကျိုးအမြတ်ရှိတဲ့ စိုက်ပျိုးသီးနှံတစ်ခု ဖြစ်လာတယ်။ ဒီလို အကျိုးအမြတ်ရှိအောင် စနစ်တကျစိုက်ပျိုးနည်းကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ – ရာသီသီးနှံဌာနခွဲက ဖွင့်လှစ်တဲ့ သင်တန်းကနေ အသိပညာ၊ နည်းပညာရရှိခဲ့ပါတယ်"ဟု ပဲခူးမြို့မှ မှိုစိုက်ပျိုးသူ ဦးဇော်မျိုးအောင်က ပြောသည်။



ကောက်ရိုးမှို (ပုံစံခွက်နှင့်စိုက်ပျိုးနည်း)



ငွေနှင်းမှို



ကောက်ရိုးမှို

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ – ရာသီသီးနှံဌာနခွဲသည် မြန်မာနိုင်ငံတွင် မှိုစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မှိုစိုက်ပျိုးရေးလုပ်ငန်း စိတ်ပါဝင်စားသူတောင်သူများအား နည်းပညာများ ဖြန့်ဝေလျက်ရှိသည့်အပြင် စိုက်ပျိုးရေးဦးစီးဌာန အောက်တွင် မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများ ဖွဲ့စည်းထားရှိကာ သင်တန်းများ၊ လက်တွေ့ စိုက်ပျိုးသည့် ကွင်းသရုပ်ပြပွဲများ ပြုလုပ်၍လည်း နည်းပညာဖြန့်ဝေလျက်ရှိသည်။

"ကျွန်တော်တို့ ဦးစီးဌာနက ရန်ကုန် ၉ မိုင်မှာ တစ်ခြံ၊ ပြင်ဦးလွင် ဒိုးကွင်းမှာတစ်ခြံ၊ တောင်ငူ ကျောက်တိုင်မှာတစ်ခြံ၊ မှော်ဘီ ညောင်နှစ်ပင်မှာ တစ်ခြံ၊ ပဲခူး ၁၀ မိုင်မှာ တစ်ခြံ စုစုပေါင်း ခြံပေါင်း ငါးခြံကနေ မှိုစိုက်ပျိုးနည်းပညာကို တောင်သူတွေ ထံ အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။ ရက်တို သင်တန်းတွေ ဖွင့်လှစ်ပါတယ်။ သင်တန်းမှာ သင်တန်းတက်တဲ့တောင်သူအနေနဲ့ စားသောက်စရိတ်သာ ကုန်ကျမှုရှိပြီး ကျန်တာက အခမဲ့ဖြစ်ပါတယ်။ မှိုစိုက်တောင်သူတွေ အကျိုးဖြစ်ထွန်းအောင် စနစ်တကျသင်တန်းပေး ဆောင်ရွက်လျက်ရှိပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

## အချိန်တိုအတွင်း ဝင်ငွေရရှိစေရန် ရည်ရွယ်ဆောင်ရွက်

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်၊ ပြည်သူများ၏ လယ်ယာကဏ္ဍနှင့် ပတ်ဝန်းကျင်ရှိ ဘေးထွက်ပစ္စည်းများကို မှိုစိုက်ပျိုးရေးဖြင့် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်အဖြစ် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ရန်၊ မသန်စွမ်းသူ အမျိုးသမီးများပါ ပါဝင်ဆောင်ရွက် စိုက်ပျိုးနိုင်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူပြုနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရန်နှင့် မှိုစိုက်ပျိုးခြင်းဖြင့် အချိန်တိုအတွင်း ဝင်ငွေရရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

တောင်သူများအနေဖြင့် မှိုစိုက်ပျိုးနည်းပညာကို ဖတ်ရှုလေ့လာပြီး လက်တွေ့စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲသည် မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်းများစာအုပ်ကို ပြုစုကာ မှိုစိုက်ပျိုးသူများထံ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မှိုသည် နေရောင်ခြည်ဖြင့် အစာချက်လုပ်နိုင်ရန်အတွက် အစိမ်းရောင်အဖွဲ့အစည်း (Chlorophyll) မရှိခြင်းကြောင့် မှိုမျှင်တွယ်ကပ်စားသုံး၍ မှိုမျှင်အဖွဲ့အစည်း(Hyphae) ဖြစ်ပေါ်နိုင်ရန် အောက်ခံအာဟာရပြင် လိုအပ်သည်။ အာဟာရရရှိမှ မှိုဥ/မှိုပွင့်များ ထွက်လာနိုင်ပြီး မှိုထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် မိခင်မှိုမျိုးသန့်မွေးဖွားခြင်း၊ မိခင်မှိုမျိုးစေ့ ပြုလုပ်ခြင်း၊ မှိုစိုက်ထုပ်ပြုလုပ်ခြင်းနှင့် မှိုစိုက်ပျိုးခြင်းဟူ၍ အဆင့်လေးဆင့်ပါဝင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

## တစ်နှစ်လေးကြိမ် ဖွင့်လှစ်

"အရင်ကတော့ ကျွန်တော်တို့ ဦးစီးဌာနခြံတွေမှာ သင်တန်းတွေဖွင့်လှစ်ပြီး မှိုစိုက်ပျိုးနည်းပညာကို ဖြန့်ဝေတာပါ။ တစ်နှစ် လေးကြိမ် ဖွင့်လှစ်ပါတယ်။ ကိုဗစ်–၁၉ ကြောင့် ခြံတိုင်းမှာတော့ သင်တန်းတွေ မဖွင့်လှစ်သေးပါဘူး။ ရန်ကုန်က ၉ မိုင်ခြံမှာတော့ ကိုဗစ်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ သင်တန်းတွေ ဖွင့်လှစ်လျက်ရှိပါတယ်။ ပြီးတော့ ဆက်စပ်ဌာနတွေကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မှိုစိုက်ပျိုးနည်းပညာသင်တန်း ဖွင့်လှစ်ပေးဖို့ ညှိနှိုင်းဖိတ်ခေါ်မှုအရ ဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ မှိုစိုက်ပျိုးတောင်သူတွေအနေနဲ့ နည်းပညာအကူအညီ လိုအပ်လို့ ဖုန်းနဲ့ဖြစ်စေ၊ လာရောက်မေးမြန်းရင်ဖြစ်စေ ပြောကြားပေးပါတယ်"ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲမှ ဖွင့်လှစ်သည့် မှိုစိုက်ပျိုးနည်း သင်တန်းများတွင် မှိုစိုက်ပျိုးမှုသမိုင်း၊ မွေးမြူနည်းများ၊ မှိုမျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ မှိုမွေးမြူရန် အာဟာရပြင်ဆင်ခြင်း၊ ဆေးဖက်ဝင်မှို အမျိုးအစားများနှင့် ကောက်ရိုးမှိုများ စီးပွားဖြစ် စိုက်ပျိုးနည်းများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဘက်စုံစိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်း ၁၀ မိုင်မှာ ၂၀၂၂ ခုနှစ် ဇွန်လ ၈ ရက်နေ့ကနေ ၁၄ ရက်နေ့အထိ ရက်တိုဖွင့်လှစ်တဲ့ မှိုစိုက်နည်းသင်တန်းကို တက်ရောက်ခဲ့တယ်။ သင်တန်းတက်ပြီးတော့ အခု ငွေနှင်းမှိုအထုပ် ၇၀၀ စတင်စမ်းသပ်စိုက်ပျိုးနေပါပြီ။ မှိုအထွက်က ၂၅ ကျပ်သားခန့် ထွက်ရှိပြီဖြစ်ပါတယ်။ ဒီသင်တန်းရဲ့အကျိုးကျေးဇူးကြောင့် စနစ်တကျ စိုက်ပျိုးတတ်ပြီဖြစ်တဲ့အတွက် ဝင်ငွေရနည်းလမ်းတစ်ခု ရတာပါပဲ" ဟု ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ မှိုစိုက်တောင်သူ ဦးမောင်ရွှေညွန့်က ပြောပြသည်။

မှိုစိုက်ပျိုးတောင်သူများသည် ကောက်ရိုးမှို၊ ငွေနှင်း/ငွေမိုးမှိုစသည့် မှိုမျိုးများကို အများဆုံး စိုက်ပျိုးလေ့ရှိသည်။

"စိုက်ပျိုးရေးဦးစီးဌာနကပေးတဲ့ သင်တန်းက ရတဲ့ မှိုစိုက်နည်းပညာကို ကိုယ်တိုင်တက်ရောက်ခဲ့တယ်။ ကိုယ်တိုင်လည်း နည်းပညာရရှိသလို ကိုယ့်အရပ် ကိုယ့်ဒေသက တောင်သူတွေ တစ်ပိုင်တစ်နိုင်ပဲဖြစ်ဖြစ်၊ စီးပွားဖြစ်ပဲဖြစ်ဖြစ် စိုက်နိုင်ဖို့ သင်တန်းပြန်ပေးနိုင်ခဲ့တယ်။ CSO (အရပ်ဘက် လူမှုအဖွဲ့အစည်း) တည်ထောင်ထားပြီး ကိုယ့်ဒေသက မှိုစိုက်တောင်သူ ၁၀ ဦးကို နည်းပညာတွေ ပြန်လည်ဖြန့်ဝေပေးခဲ့ပါတယ်" ဟု သင်တန်းတက်ရောက်ခဲ့ဖူးသည့် ကချင်ပြည်နယ် မိုးမောက်မြို့နယ်မှ တောင်သူ ဦးထိန်လင်းက ပြောပြသည်။

## ငွေနှင်းမှိုတစ်ပိဿာရရှိရန် မှိုမျိုးထုပ်လေးထုပ် စိုက်ပျိုး

မှိုစိုက်ပျိုးရာတွင် ခန့်မှန်းခြေအားဖြင့် ကောက်ရိုးမှိုတစ်ပိဿာရရှိရန် မှိုမျိုးထုပ်တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် မှိုမျိုးထုပ်နှစ်ထုပ် စိုက်ပျိုးရပြီး ကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ နှုန်းရရှိကြောင်း၊ ငွေနှင်းမှိုတစ်ပိဿာရရှိရန် မှိုမျိုးထုပ်တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် မှိုမျိုးထုပ်လေးထုပ် စိုက်ပျိုးရပြီး ငွေနှင်းမှိုတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းရရှိကြောင်း မှိုစိုက်တောင်သူများထံမှ သိရသည်။

သို့ဖြစ်ရာ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ မှိုစိုက်ပျိုးရန် စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲနှင့် ချိတ်ဆက်၍ သင်တန်းများ ပါဝင်တက်ရောက်ကာ မှိုစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> "စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ – ရာသီသီးနှံဌာနခွဲသည် မြန်မာနိုင်ငံတွင် မှိုစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မှိုစိုက်ပျိုးရေးလုပ်ငန်း စိတ်ပါဝင်စားသူ တောင်သူများအား နည်းပညာများ ဖြန့်ဝေလျက်ရှိသည့်အပြင် စိုက်ပျိုးရေးဦးစီးဌာန အောက်တွင် မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများ ဖွဲ့စည်းထားရှိကာ သင်တန်းများ၊ လက်တွေ့ စိုက်ပျိုးသည့် ကွင်းသရုပ်ပြပွဲများ ပြုလုပ်၍လည်း နည်းပညာဖြန့်ဝေလျက်ရှိ"

## ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်(၉၀)နှစ် သိက္ခာ(၇၀)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်) တနင်္ဂနွေနေ့ နံနက် ၀၇:၀၈ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးစပါး ရတနာတိုးမျိုး မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းခြင်း ကြည့်ရှုအားပေးကာ စိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံ

မကွေး နိုဝင်ဘာ ၂၆

မကွေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဥယျာဉ်ဇင် ကျေးရွာအုပ်စုရှိ သိမ်ကုန်းနည်းပညာ ပြန့်ပွားရေးစင်တာသို့ရောက်ရှိပြီး ဌာနဆိုင်ရာ လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မိုးစပါး ရတနာတိုးမျိုး မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းခြင်း ကြည့်ရှုအားပေးကာ စိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံခဲ့သည်။



### လမ်းညွှန်မှာကြား

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သိမ်ကုန်းနည်းပညာ ပြန့်ပွားရေးစင်တာသို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် တည်ဆောက်ပြီးစီးနိုင်ရေးနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကွင်းအမှတ် (၁၁၉၂) ရှိ မိုးစပါးစိုက်ကွင်းသို့ ရောက်ရှိပြီး ရတနာတိုးစပါး မျိုးသန့်မျိုးစေ့ထုတ်(FS to RS )စိုက်ခင်း ၃ ဒသမ ၂၅ ဧက ရိတ်သိမ်းနေမှုကိုကြည့်ရှုအားပေးသည်။ ထို့နောက် စိုက်ကွင်းရှင်းလင်းဆောင်တွင် ဆာဖိုးသာ၊ ထိုင်းနံ့ကောက်၊ GW11 စပါးယှဉ်ပြိုင် သရုပ်ပြစိုက်ခင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနတို့ ပေါင်းစပ်၍ ဆင်းသုခ သက်လျင်မျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ခင်း လုပ်ငန်းများ၊ ဒေသအတွင်း စိုက်ပျိုးထွက်ရှိ စပါးမျိုးနမူနာများ ခင်းကျင်းပြသထားရှိမှုနှင့် မြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး ကဏ္ဍလုပ်ငန်းတို့အား စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

### ၁၀၄ ဒသမ ၄၂ တင်းနှုန်း ထွက်ရှိ

အဆိုပါ မိုးစပါး ရတနာတိုး (FS to RS )စပါးမျိုးစေ့ထုတ် တစ်ဧကအကွက်ကျယ်အား စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာ အစိုအထွက် တစ်ဧက ၁၁၂ ဒသမ ၂၅ တင်း၊ အခြောက်အထွက် ၁၀၄ ဒသမ ၄၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၆၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၅ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာ ခမည်းတော် ဦးအေးမောင်-မယ်တော် ဒေါ်ကျန်ယုံတို့မှ ၁၂၉၆ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (အင်္ဂါနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် (အင်္ဂါနေ့) တွင် တောင်ဘွေရွာ သိမ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏုတ္တရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက် (အင်္ဂါနေ့)တွင် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာ နော်မန်ကျောင်း ဥဒကုက္ခေပရေသိမ်၌ သိမ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဂျင်းရဲကျွန်းရွာနေ ဒေါ်မိုးအား အမှူးထား၍ ခမည်းတော် ဦးအေးမောင်-မယ်တော် ဒေါ်ကျန်ယုံ၊ ဦးတင်-ဒေါ်အေးသီ၊ ဦးဖိုးအေး-ဒေါ်ပန်းမှုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပန်းတောင်းမြို့နယ် မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရာဘိဝံသ၊ ပြည်မြို့ ထားဝယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစက္ကဝရ၊ ရန်ကုန်မြို့၊ ရွှေတောင်မြို့၊ စစ်တွေမြို့ အမ္ဗာရာမဝိပဿနာကျောင်းတိုက် ဆရာတော်များ၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်၊ စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလနှင့် စာချဆရာတော်များ၊ စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသ၊ ရန်ကုန်မြို့ အလယ်တောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဘဒ္ဒန္တသူရိယာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဘဒ္ဒန္တပုညာနန္ဒာဘိဝံသ၊ ဘဒ္ဒန္တဝဇီရဗုဒ္ဓိနှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တသုနန္ဒရနှင့် စာချဆရာတော်များ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၁၉ ခုနှစ်တွင် သာသနပါလဓမ္မာစရိယဘွဲ့၊ ၁၃၂၀ ပြည့်နှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက်၌ စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၆၁ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၉၀)နှစ် သိက္ခာတော်(၇၀)ဝါအရ ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၂၆-၁၁-၂၀၂၃) တနင်္ဂနွေနေ့၊ နံနက် ၀၇:၀၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၂-၁၁-၂၀၂၃ ရက်နေ့မှအဆက်)

ဘုရားရှင်သည် ရာဟုလာအား အမေးအဖြေလုပ်၍ တရားစကားကို အောက်ပါအတိုင်း ဟောကြားလေသည်။

(၁) "စက္ခုပသာဒ" ရုပ် အကြည်ဓာတ်သည် မြဲသလော၊ မမြဲသလောဟူ၍ မေးသည်။ မမြဲပါဟု ဖြေသည်။

ကြောင်းကျိုးဆက်စပ်၍ ထပ်၍မေးသည်။ မမြဲသော စက္ခုရုပ်အကြည်ဓာတ်သည် ဆင်းရဲသလော၊ ချမ်းသာသလောဟူ၍ မေးသည်။ ဆင်းရဲကြောင်း ဖြေသည်။

မမြဲသော စက္ခုရုပ်အကြည်ဓာတ်သည် ငါ့ဥစ္စာဟု တဏှာဖြင့်လည်းကောင်း၊ ငါဟု မာနဖြင့်လည်းကောင်း၊ ငါ၏ အတ္တဟု ဒိဋ္ဌိဖြင့်လည်းကောင်း ဤသို့ လွဲချော်မှတ်သင့်သလောဟူ၍ မေးသည်။ မမှတ်သင့်ကြောင်း ဖြေကြားလေသည်။

(၂) ရူပါရုံနှင့် ပတ်သက်၍လည်းကောင်း၊ (၃) စက္ခုဝိညာဏ်နှင့် ပတ်သက်၍လည်းကောင်း၊ (၄) မျက်စိ၌ မှီ၍ဖြစ်သော အတွေ့စက္ခုသမ္ဖဿနှင့် ပတ်သက်၍လည်းကောင်း၊ (၅) ထိုစက္ခုသမ္ဖဿကို အကြောင်းပြု၍ ဖြစ်ပေါ်လာသမျှသော နာမ်ခန္ဓာလေးပါးဖြစ်သည့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် အစရှိသည်ကို မေးမြန်း၍ အရှင်ရာဟုလာအား ဖြေစေလေသည်။

ဤသို့အားဖြင့် စက္ခု=မျက်စိဖြင့် ပတ်သက်သော အထက်ဖော်ပြပါ ငါးချက်ကို မေး၊ ဖြေစေပြီးသည့်နောက်- သောတ=နား၊ ဃာန=နှာခေါင်း၊ ဇိဝှါ=လျှာ၊ ကာယ=ကိုယ်၊ မနော=စိတ်ဟူသော စသည်တို့နှင့်ပတ်သက်၍ အချက်ငါးချက်တို့ကို မေးမြန်း၍ အရှင်ရာဟုလာအား ဖြေစေလေသည်။

ဤသို့ဖြင့် အချက်တိုင်း၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ဖြင့် သုံးသပ်ပြီး ကွင်းကွင်းကွက်ကွက် ပေါ်လွင်အောင် သုံးကြိမ်၊ သုံးခါ မေးမြန်းဟောကြားတော်မူလေသည်။ ယင်းဒေသနာတော်ကို "တေပရိဝဋ္ဋဓမ္မဒေသနာ"ဟု ခေါ်တွင်သည်။

(၁) စက္ခုပသာဒ + ရူပါရုံ + စက္ခုဝိညာဏ် + စက္ခုသမ္ဖဿ + နာမ်ခန္ဓာလေးပါး စသည်တို့ကို ငြီးငွေ့စေသည်။

(၂) ထို့အတူ သောတပသာဒ + သဒ္ဒါရုံ + သောတဝိညာဏ်+သောတသမ္ဖဿ+နာမ်ခန္ဓာလေးပါး စသည်တို့ကို ငြီးငွေ့စေသည်။

(၃) ထို့အတူ ဃာနပသာဒ + ဂန္ဓာရုံ + ဃာနဝိညာဏ် + ဃာနသမ္ဖဿ + နာမ်ခန္ဓာလေးပါး စသည်တို့ကို ငြီးငွေ့စေသည်။

(၄) ထို့အတူ ဇိဝှါပသာဒ + ရသာရုံ + ဇိဝှါဝိညာဏ် + ဇိဝှါသမ္ဖဿ + နာမ်ခန္ဓာလေးပါး စသည်တို့ကို ငြီးငွေ့စေသည်။

(၅) ထို့အတူ ကာယပသာဒ + ဖောဋ္ဌဗ္ဗာရုံ + ကာယဝိညာဏ် + ကာယသမ္ဖဿ + နာမ်ခန္ဓာလေးပါး စသည်တို့ကို ငြီးငွေ့စေသည်။

(၆) ထို့အတူ မနောပသာဒ + ဓမ္မာရုံ + မနောဝိညာဏ် + မနောသမ္ဖဿ + နာမ်ခန္ဓာလေးပါး စသည်တို့ကို ငြီးငွေ့စေသည်။

ဤသို့အားဖြင့် တစ်ခုကို (၅) ချက် ခြောက်ခုရှိသောကြောင့် အချက် ၃၀ ၌ တပ်မက်ခြင်းကင်းပြီး ငြီးငွေ့စေသည်။ ဤသို့အားဖြင့် ကိလေသာတို့မှ လွတ်မြောက်စေသည့် ပစ္စဝေက္ခဏာ အသိဉာဏ် ရစေသည်။ ထို့ကြောင့် ပဋိသန္ဓေနေခြင်းမဖြစ်ဘဲ ကုန်ခန်းစေသည်။ ပြုဖွယ်ကိစ္စမဂ်ကို ပြုစေ၍ ပစ္စဝေက္ခဏာဉာဏ်ဖြစ်စေရန် အသေးစိတ် ဟောကြားတော်မူသည်။ ဤသို့အားဖြင့် ဘုရားရှင်သည် ရာဟုလာအား စူဠရာဟုလောဝါဒသုတ်တော်ကိုဟောကြားပြီးနောက် အရှင်ရာဟုလာသည် ရဟန္တာဘဝသို့ ရောက်လေသည်။ ဘုရားရှင်၏ တရားဟောရာနေရာသို့ လာရောက်ကြကုန်၍ တရားနာကြသည့် နတ်ဖြဟ္မာအပေါင်းသည် မဂ်လေးပါးတစ်ခုစီကို ရကြလေကုန်သည်။



### ရှားတော၌နေသော ရှင်ရေဝတသာမဏေ

အရှင်သာရိပုတ္တရာသည် (၁၈) ကုဋေပစ္စည်းဥစ္စာများကို စွန့်၍ ရဟန်းပြုခဲ့ပြီးသောအခါ၌ သူ၏ညီမ သုံးဦးနှင့် ညီသုံးဦးတို့အနက် အငယ်ဆုံးညီငယ် "ရေဝတ" တစ်ဦးသာချန်၍ ကျန်ငါးဦးကို ရဟန်းပြုစေခဲ့လေသည်။ သူသည် သူ၏ရဟန်းတို့ကို ရှေ့ကပင် သူ့ညီရေဝတ ရဟန်းပြုရန်လာလျှင် ရဟန်းပြုပေးကြပါဟု မှာထားခဲ့သည်။ အရှင်သာရိပုတ္တရာ၏ မိဘများသည် မိစ္ဆာအယူရှိကြသူများဖြစ်သဖြင့် ရဟန်းပြုပေးမည်မဟုတ်။ သူသာလျှင် ရေဝတ၏ အမိလည်းဟုတ်သည်၊ အဘလည်းဟုတ်သည်ဟု မှာထားခြင်းဖြစ်ပါသည်။

တစ်နေ့သ၌ ရေဝတသည် အသက် (၁၂၀) ရှိသော အဘွားအိုတစ်ယောက်၏ရုပ်လွှာ ဆံဖြူသွားကျိုး၊ အရေတွန့်လိမ်၊ မည်းမည်းခြောက်ခြောက်၊ နံရိုးအပြိုင်းပြိုင်း၊ ခါးကိုင်းရှိသည်ကို မြင်ရ၍ အိုခြင်း၏ သံဝေဂရသည်။ ထို့ကြောင့် ၎င်းသည် အိမ်မှ ရဟန်းဝတ်ရန် ရဟန်းအပါး ၃၀ နေသော ကျောင်းသို့ ရောက်သွားလေသည်။

ရေဝတက သူသည် အရှင်သာရိပုတ္တရာ၏ ညီဖြစ်ကြောင်းပြော၍ သူ့အား ရဟန်းပြုပေးရန် ရဟန်းတို့အား ပြောကြားလေသည်။ ရဟန်းတို့ကလည်းအရှင်သာရိပုတ္တရာမှာကြားထားသည့်အတိုင်း ၎င်းအား ရှင်ပြုပေးပြီး အရှင်သာရိပုတ္တရာထံသို့ အကြောင်းကြားလိုက်ပါသည်။ ရေဝတသည် ဤကျောင်း၌နေလျှင် သူ့အား ဆွေမျိုးကလာပြီး လူဝတ်လဲရန် နှောင့်ယှက်မည်ကိုစိုး၍ အရဟတ္တဖိုလ်ပေါက်သည့် ကမ္မဋ္ဌာန်းများကို သင်ယူပြီး ယူဇနာ ၃၀ ဝေးသော ရှားတောသို့သွား၍ တရားအားထုတ်လေသည်။ ယင်းဝါတွင်းမှာပင် ရဟန္တာဖြစ်သွားလေသည်။

ထိုသို့ဖြင့် အရှင်သာရိပုတ္တရာသည် ဝါကျွတ်သော သီတင်းကျွတ်လပြည့်နေ့၌ သူသည် သူ့ညီ အရှင်ရေဝတထံသို့ သွားရောက်ရန် ဘုရားထံ၌ ခွင့်ပန်လေသည်။ ဘုရားရှင်ကလည်း အရှင်သာရိပုတ္တရာနှင့် အတူလိုက်မည်ဖြစ်ကြောင်း၊ ရဟန်းအပေါင်းခြံရံလျက် ခရီးထွက်ကြလေသည်။ ဤသို့ခရီးဆက်ရာတွင် လမ်းနှစ်မြွာတွေ့ပါသည်။ ဘယ်လမ်းကို သွားရမလဲဟု ဘုရားရှင်အား အရှင်အာနန္ဒာက လျှောက်ထားလေသည်။ တစ်ဖန် ဘုရားရှင်က အရှင်အာနန္ဒာအား ဘယ်လမ်းသည် မကွေ့မကောက် ဖြောင့်တန်းသလဲမေးသည်။

အရှင်အာနန္ဒာက ဤဖြောင့်တန်းသောလမ်းသည် ယူဇနာသုံးဆယ် ဝေးပါသည်။ နတ်ဘီလူးများ အုပ်စိုး၍ အစာရေစာရှားပါးပြီး အလွန်အန္တရာယ်များပါသည်။ တခြားလမ်းကမူ ယူဇနာခြောက်ဆယ်ရှိသည်။ ဘေးရန်ကင်းကွာ၍ အစာရေစာလည်း ပေါများပါသည်ဟု လျှောက်ထားလေသည်။

> "ရေဝတက သူသည် အရှင်သာရိပုတ္တရာ၏ ညီဖြစ်ကြောင်းပြော၍ သူ့အား ရဟန်းပြုပေးရန် ရဟန်းတို့အား ပြောကြားလေသည်။ ရဟန်းတို့ကလည်း အရှင်သာရိပုတ္တရာ မှာကြားထားသည့်အတိုင်း ၎င်းအား ရှင်ပြုပေးပြီး အရှင်သာရိပုတ္တရာထံသို့ အကြောင်းကြားလိုက်ပါသည်။ ရေဝတသည် ဤကျောင်း၌နေလျှင် သူ့အား ဆွေမျိုးကလာပြီး လူဝတ်လဲရန် နှောင့်ယှက်မည်ကိုစိုး၍ အရဟတ္တဖိုလ်ပေါက်သည့် ကမ္မဋ္ဌာန်းများကို သင်ယူပြီး ယူဇနာ ၃၀ ဝေးသော ရှားတောသို့သွား၍ တရားအားထုတ်လေသည်။ ယင်းဝါတွင်းမှာပင် ရဟန္တာဖြစ်"

ထိုအခါ ဘုရားရှင်က အရှင်အာနန္ဒာအား ငါဘုရားနှင့် အရှင်သီဝလိတစ်ပါးရောပါရဲ့လားဟု မေးမြန်းလေသည်။ လိုက်ပါလာကြောင်း အရှင်အာနန္ဒာက ပြန်လည်လျှောက်ထားပါသည်။ ဘုရားရှင်က အစာရေစာရှားပါးသည့် ဖြောင့်တန်းသည့်လမ်းကို ရွေးသောကြောင့် အရှင်သီဝလိ၏ကောင်းမှုတန်ခိုးကို စုံစမ်းကုန်အံ့ဟု အရှင်အာနန္ဒာအား မိန့်ကြားလေသည်။

ဤသို့ဖြင့် အန္တရာယ်များ၍ ဘေးရှိပြီး အစာရေစာရှားပါသည့် ဖြောင့်တန်းသောလမ်းကို ရွေးချယ်ကာ ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်း ကြွသွားကြလေသည်။ ယင်းသို့သွားသောအခါ နတ်တို့က တစ်ယူဇနာအရပ်၌ မြို့ကြီးများ ဖန်ဆင်း၍ ကျောင်းများ ဖန်ဆင်းထားသည်။ ဘုရားရှင်များ နေထိုင်ရန် ပြုဆောင်ထားကြပါသည်။ ကျောင်းတိုက်မြို့တွင် နတ်တို့သည် မင်းမှစေလွှတ်၍ အမှုထမ်းများအသွင်ဖြင့် ယာဂုဆွမ်းဘောဇဉ်တို့ကို ယူဆောင်ကာ အရှင်သီဝလိအား မေးမြန်း၍ လှူဒါန်းကြပါသည်။ အရှင်သီဝလိကလည်း ဘုရားရှင်နှင့် ရဟန်းတို့အား ယင်းဘောဇဉ်တို့ကို ပြန်လည်ကပ်လှူဒါန်းလေသည်။ ဤသို့ဖြင့် အရှင်သီဝလိ ကပ်လှူသော ဆွမ်းဘောဇဉ်တို့ကို ဘုရားအမှူးရှိသော ရဟန်းတို့သည် သုံးဆောင်၍ တစ်နေ့တစ်ယူဇနာဖြင့် ကြွမြန်းတော်မူခဲ့ရာ အရှင်ရေဝတ သီတင်းသုံးနေသော ရှားတောသို့ ရောက်သွားကြလေသည်။ ဤသို့လာမည်ကို သိသော အရှင်ရေဝတသည် ဘုရားရှင်သီတင်းသုံးရန် ဂန္ဓကုဋီတိုက်နှင့် ရဟန်းတို့ သီတင်းသုံးရန် ကျောင်းများ တင့်တယ်စွာဖန်ဆင်းထားလေသည်။ ၎င်းတို့လည်း သူတို့အားပေးထားသော နေရာထိုင်ခင်းကျောင်းများတွင် ဝါစဉ်အလိုက် နေထိုင်ကြသည်။ ဘုရားရှင်ကလည်း ဂန္ဓကုဋီတိုက်၌ ဝင်ရောက်နေကြလေသည်။

ထိုအခါ နတ်တို့သည် ဘုရားရှင်နှင့် ရဟန်းတို့အား ဆွမ်းဘုဉ်းပေးချိန်၌ ဆွမ်းဘောဇဉ်များ ကပ်ကြသည်။ နေ့လွှဲအခါ ဖျော်ရည်များ ကပ်လှူကြပါသည်။ ဘုရားရှင်သည် ထိုအရပ်၌ သီတင်းသုံးတော်မူပြီး အရှင်ရေဝတအား တရားဆုံးမဟောကြားခဲ့လေသည်။ ထိုမှတစ်ဆင့် ဘုရားရှင်နှင့် ရဟန်းတို့သည် ခရီးဆက်ကြွရာ ဆွမ်းဘောဇဉ်များကို အရှင်သီဝလိတန်ခိုးဖြင့် သုံးဆောင်ကြရပါသည်။ အဆင်ပြေချောမောကြပါသည်။

သာဝတ္ထိပြည်သို့ ဘုရားရှင်နှင့်တကွ ရဟန်းများရောက်သောအခါ ဝိသာခါကျောင်းအစ်မကြီးက အိမ်သို့ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်ကပ်ကြလေသည်။ ဝိသာခါကျောင်းအစ်မကြီးသည် ဘုရားနားသို့ ချဉ်းကပ်၍ ရှားတောမှ အရှင်ရေဝတနေသော ကျောင်းသင်္ခမ်းနေရာသည် မွေ့လျော်ဖွယ်ကောင်းပါလောဟု မေးလျှောက်လေသည်။ ဘုရားရှင်က သူတော်ကောင်းတို့နေသော အရပ်သည် မွေ့လျော်သည်ဖြစ်စေ၊ မမွေ့လျော်သည်ဖြစ်စေ၊ မွေ့လျော်ရာအရပ်ဟု မည်ပေသည်ဟု ပြန်လည်မိန့်မြွက်လေသည်။

ဘုရားရှင်သည် ဝိသာခါအား ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ၊ ချိုင့်ဝှမ်း၌ဖြစ်စေ၊ ကုန်းမြင့်၌ ဖြစ်စေ အကြင်အရပ်တို့၌ ရဟန္တာပုဂ္ဂိုလ်များ နေထိုင်ကြကုန်သည်။ ၎င်းတို့နေထိုင်သောအရပ်သည် မွေ့လျော်စွာအရပ်၌ နေပေတည်းဟူ၍ ဟောကြားလေသည်။

အခြားသော ရဟန်းတို့သည် တောတောင်၊ ကျောင်းတို့၌ နေကြသည်ရှိသော သပ္ပာယမျှတဖြစ်သော ဆွမ်းခံရွာ၊ နီးသည့်အရပ် ရွေးချယ်သတ်မှတ်နေလေ့ရှိကြပါသည်။ ဤအရှင်ရေဝတသည် အခြားရဟန်းတို့နှင့်မတူ ထူးခြားစွာ သပ္ပာယမျှ၊ မမျှမရွေး၊ ဂရုမပြုဘဲ မြေပြင်ညီညွတ်သည်ဖြစ်စေ၊ မညီညွတ်သည်ဖြစ်စေ ဤကြမ်းတမ်းသော ရှားတော၌ နေထိုင်ခြင်းဖြစ်ကြောင်း ဘုရားရှင်က ရှင်းပြ မိန့်မြွက်လေသည်။

(ဆက်လက်ဖော်ပြပါမည်)




## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ အလက (မြို့မ) (ဖဒို)မှ ဒုတိယမူလတန်းပြ နော်အယ်ဒီးနာမူးနှင့် ဒေါ်နော်အယ်ဒီးနာမူး [၇/ကတခ(နိုင်)၁၅၈၃၀၇] သည် တစ်ဦးတည်းဖြစ်ပြီး၊ ၎င်း၏ဖခင် စောကဲမူး (ခ) ဦးစောကဲမူး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ မူလွန် (ကျွဲတလင်း)ကျောင်းမှ လ/ထ မူလတန်းပြ ဆရာမ နော်ဖေါဝါး နှင့် ဒေါ်နော်ဖေါဝါး [၇/ကတခ (နိုင်)၁၄၀၁၄၅]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၉/၃၅၁)တွင် နေထိုင်သူ ဦးဒါရှီလော့ဒ်အောင် [၁/မကန(နိုင်)၀၀၃၇၂၀]နှင့် ဒေါ်ပရီလွမ်း [၁/မကန(နိုင်)၁၆၇၅၇၈]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့် (၁၁-၁၁-၂၀၂၃)ရက်နေ့တွင် ကချင်ရိုးရာလူကြီးများ ရှေ့မှောက်၌ ကချင်ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင် ဒေါ်ပရီလွမ်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့မှာ ဦးဒါရှီလော့ဒ်အောင်နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဒါရှီလော့ဒ်အောင်**
**[၁/မကန(နိုင်)၀၀၃၇၂၀]**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဒွဲဘူ [၁/မမန (နိုင်)၀၀၀၅၀၆]၏ ပတ်စ်ပို့ နံပါတ်(511527)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၃၆၉၂၁၆၃**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ မူလွန် (ဦးကွက်)မှ ဒုတိယမူလတန်းပြ နော်ဘရီးမေဖေါနှင့် ဒေါ်နော်ဘရီး မေဖော [၇/ကတခ(နိုင်)၁၄၃၉၈၃] သည် တစ်ဦးတည်းဖြစ်ပြီး၊ ၎င်း၏ဖခင်စောထူးအေး(ခ) ဦးစောထူးအေး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အနောက်(မြခွာညို အိမ်ရာ)၊ မြေကွက်အမှတ်-၂/ဃ၊ ဧရိယာ(၉၃'x၇၇'၆")၊ မြေကွက်တည်နေရာ အမှတ်-၂/ဃ၊ နှင်းဆီလမ်း၊ မြခွာညို၀ါဝါဝင်းအိမ်ရာ၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးရွှေလှိုင် [၁၂/လမတ(နိုင်)၀၂၂၆၁၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအား အမည်ပေါက် ဦးရွှေလှိုင်[၁၂/လမတ(နိုင်) ၀၂၂၆၁၆]ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ လက်ဝယ်တွင် သိမ်းဆည်းထားရာမှ နေရာပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံ၍ငွေချေးထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း အလျဉ်းမရှိကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း (၁၆-၁-၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် သာကေတမြို့မရဲစခန်း၏ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိသဖြင့် ဦးရွှေလှိုင်မှ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မိတ္တူမှန်လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ်-သကတ/၁၁၀/၂၀၀၁ (၂၉-၁၁-၀၁)ဖြင့် မူလကထုတ်ပေးခဲ့သည့် ဦးရွှေလှိုင်အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီထွေး[၈/မထန(နိုင်)၀၂၉၇၄၆]မှ (၅-၅-၂၀၂၂)ရက်နေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၁၉၉/၂၀၂၂ ဖြင့် ဒေါ်သီရိဝင်း [၉/ရမသ(နိုင်)၁၅၂၁၇၅]ထံသို့ လွှဲအပ်ထားခဲ့ပါသည်။ အထက်ဖော်ပြပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၁၉၉/၂၀၂၂ အား ဆက်လက်အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် အပြီးအပြတ်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၉၅၂၇)**
**အမှတ်(C-2A)၊ အခန်းအမှတ်(၁၁၀)၊**
**Botahtaung Time Square အိမ်ရာ၊ ကုန်သည်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၅၁၇၈၀၁၈**

# အာတီတာရဲ့ ပွဲစဉ် ၂၀၀ မြောက်မှာ အာဆင်နယ်အသင်း အနိုင်ရ

ဘရန်းဖို့ဒ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ နိုဝင်ဘာ ၂၆ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၃)မှာ အာဆင်နယ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၈၉ မိနစ်မှာ သွင်းယူခဲ့တဲ့ ကိုင်ဟာဗက်ရဲ့တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ အာဆင်နယ်အသင်း ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အာဆင်နယ်အသင်းက ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ဟာ နည်းပြအာတီတာအတွက် အာဆင်နယ်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ပွဲစဉ် ၂၀၀ ပြည့်မြောက်တဲ့ ပွဲစဉ်လည်းဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို ရမှတ်တစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်- ရေးသားသည်**

# ပြင်သစ်ပထမတန်းသွင်းဂိုး ၁၇၈ ဂိုး ရှိသွားပြီဖြစ်တဲ့ အမ်ဘတ်ပီ

ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပီအက်စ်ဂျီအသင်းနဲ့ မိုနာကိုအသင်းတို့ နိုဝင်ဘာ ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် သွင်းဂိုး ၁၇၈ ဂိုးအထိ ရှိသွားခဲ့ပြီဖြစ်ပါတယ်။



ပီအက်စ်ဂျီအသင်းနဲ့ မိုနာကိုအသင်းတို့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက မိုနာကိုအသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ဝွန်ကာလိုရာမို့စ်၊ အမ်ဘတ်ပီ၊ ဒမ်ဘီလီ၊ ဗီတင်ဟာ၊ ကိုလိုမူယာနီတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကာ မိုနာကိုအသင်းအတွက် သွင်းဂိုးတွေကိုတော့ မီနာမီနိုနဲ့ ဘာလိုဂန်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ အသင်းဟောင်း မိုနာကိုအသင်းကို သွင်းယူခဲ့တဲ့ သွင်းဂိုး ၁၀ ဂိုးအထိ ရှိသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းဖလားကို သုံးကြိမ်ဆက် ရယူဆွတ်ခူးနိုင်ရေး မျှော်လင့်ထားတာဖြစ်ပြီး ပြင်သစ်ပထမတန်းပွဲစဉ်(၁၃) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယား ဒုတိယနေရာက နိုက်စ်အသင်းကို ရမှတ်လေးမှတ်ဖြတ်ကာ ဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

## ကန့် ကွက် နိုင် ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊(၈)ရပ်ကွက်၊ပြည်လမ်းနှင့်နာနတ်တောလမ်းထောင့်၊ **Diamond Condo**၊ တိုက်အမှတ်-A ၊ အခန်းအမှတ် - ၇၀၄၊ (A-အဆောင်)၊ (၇-လွှာ)၊ (1800sqft)အကျယ်အဝန်းရှိကွန်ဒိုတိုက်ခန်းနှင့်ယင်းကွန်ဒိုတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်ပိုင်ဆိုင်နေထိုင်၍ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသူ ဒေါ်အိအိလှိုင်(၁၂/ဒဂတ(နိုင်)၀၁၀၁၄၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ — လွှဲအပ်ညွှန်ကြားချက်အရ -

| | | | |
|---|---|---|---|
| ဦးစိုင်းထွန်းအေး (စဉ်-၃၉၁၇) | ဒေါ်အေးအေးအောင် | ဦးမျိုးညွှန့် | ဒေါ်ခင်မာဆွေ |
| B.A, M.A(Philo;), H.G.P, R.L, B.D.S(MOFA), | (စဉ်-၄၃၂၂) | (စဉ်-၅၁၄၂) | (စဉ်-၇၈၉၈) |
| DL-101-WIPO, D.I.L, D.M.L | LL.B | LL.B,D.B.L | LL.B,LL.M |

**အမှတ်(၁)၊ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၄၄၃၁ ၆၅၆၅၆ ၊ ၀၉ ၄၄၃၁ ၉၄၄၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်(၃၆၁)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးလှဝင်း[၁၂/ကမရ(နိုင်)၀၁၄၉၉၀]အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၆၁/ဂ)၊ ကျောင်းဖြူမင်း (၁)လမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး အရှုပ်အရှင်းကင်းရှင်းပါသဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဒေါ်မြင့်မြင့်ကြည် [၁၂/မဂတ(နိုင်)၀၇၃၅၀၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ..**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

**ဥတုရာသီ တောကိုမှီ၏**

## ❖ ရန်ကုန်အသင်းမှ

ဟံသာဝတီအသင်းသည် ပြည့်ဖြိုးအောင်(ဂိုး)၊ ဇင်မင်းထွန်း၊ လားဒင်မောရ၊ ဝင်းမိုးကျော်စသည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းမှာလည်း နိုင်ငံခြားသား ကစားသမား သုံးဦးစလုံးနှင့် လမ်းခွဲပြီးဖြစ်သောကြောင့် ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ကစားခဲ့သည်။

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသောကြောင့် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး ၂၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဇင်မင်းထွန်းက ဟံသာဝတီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၄၁ မိနစ်တွင် ဇာနည်ထက်က ချေပဂိုးပြန်သွင်းခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုး ထပ်မံသွင်းယူနိုင်ရန် ကြိုးပမ်းလာပြီး ၆၃ မိနစ်တွင် ဇော်ဝင်းသိန်းက ရန်ကုန်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

အနိုင်ဂိုးသွင်းယူခဲ့သည့် ဇော်ဝင်းသိန်းသည် ယခုပွဲ၏ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၄၇ မှတ်၊ ဟံသာဝတီအသင်းက ၃၄ မှတ် ရရှိထားသည်။

ပွဲစဉ်(၂၀)နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်နှင့် ဧရာဝတီယူနိုက်တက်၊ YUSC ကွင်း၌ ဒဂုံစတား အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ နယ်မြေ(၈)၊ အမှတ်(၉၄)နေ အဖ ဦးရွှေလေး[၉/မကန(နိုင်)၀၉၃၈၅၇] နှင့် အမိ ဒေါ်မြီတာယ [၉/မကန (နိုင်) ၀၉၃၈၃၉] တို့၏သား မောင်သက်ပိုင်ဦး [၁/မကန(နိုင်)၂၈၇၂၅၀]သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်မြီတာယ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေ...**

❖ **ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## WOMEN & JUNIOR PETANQUE WORLD CHAMPIONSHIP2023 ပြိုင်ပွဲတွင် ခင်ချယ်ရီသက် ရွှေတံဆိပ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် WOMEN & JUNIOR PETANQUE WORLD CHAMPIONSHIP 2023 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာပီတန်းလက်ရွေးစင်ကစားသမား ခင်ချယ်ရီသက်သည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။

**ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့**

ခင်ချယ်ရီသက်သည် ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမားကို အနိုင်ယူကာ ရွှေတံဆိပ်ဆု ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ခင်ချယ်ရီသက်သည် ကွာတားဖိုင်နယ်တွင် တူနီးရှားကစားသမားကို စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ■



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပမှုများအနက် မီးပုံးပျံများ လွှတ်တင်ပူဇော်မှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD၊ MRTV Sports၊ MRTV Farmers'၊ MRTV Parliament၊ MWD HD Channel၊ MWD Variety HD Channel ၊ MWD Education ၊ Knowledge & Sports Channel ၊ Channel Light Channel၊ မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှလည်း နိုဝင်ဘာ ၂၇ ရက် (တန်ဆောင်မုန်းလပြည့်)ညနေ ၆ နာရီမှ ည ၈ နာရီအထိ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ယနေ့ ဖတ်စရာ

**လေထုညစ်ညမ်းမှုသည် ဥရောပနိုင်ငံများ၌ အရေးကြီးဆုံးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအန္တရာယ်ဖြစ်**

စာမျက်နှာ » ၁၃

**အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင် ၈၁ ခု ပျက်စီးဆုံးရှုံးခဲ့ရ**

စာမျက်နှာ » ၁၅

**ပင်းပက်သံမဏိစက်ရုံတွင် လက်နက်ခဲယမ်းများ ထုတ်လုပ်နေသည့်အပြင် နျူကလီးယားကိစ္စပါ ကြိုးပမ်းနေကြောင်း မဟုတ်မမှန် သတင်းများ လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၉

## ရန်ကုန်အသင်း နိုင်ပွဲယူပြီး ရှမ်းယူနိုက်တက်ကို ဆက်လက်ဖိအားပေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) တတိယနေ့ကို နိုဝင်ဘာ ၂၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဆက်လက်ဖိအားပေးနိုင်ခဲ့**

ဒုတိယနေရာမှ ရန်ကုန်အသင်းနှင့် တတိယနေရာမှ ဟံသာဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲတွင် အပြန်အလှန်ရှိခဲ့ပြီး ရန်ကုန်အသင်းက နိုင်ပွဲရယူနိုင်ခဲ့သဖြင့် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ လက်ကျန်သုံးပွဲအလိုတွင် ခြောက်မှတ် ကွာဟနေသော်လည်း ရန်ကုန်အသင်းသည် ချန်ပီယံလက်ကျန်မျှော်လင့်ချက်အတွက် မဖြစ်မနေ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖




ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။